# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၅) ရက် ၊ သောကြာနေ့ ၊ (9-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ **စာမျက်နှာ ၁၈ ကော်လံ ၄** ☞



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

**အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ဖြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်
Customs Duty ပေးဆောင်မှုများအား
MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။



ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၉ ရက်
အယ်ဒီတာ့အာဘော်

# ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျေးလက်နေ လူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးကိုတိုက်ရိုက်လုပ်ကိုင်ကြပြီး အခြားကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုံစံအမျိုးမျိုးနည်းအဖုံဖုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ဆီထွက်သီးနှံများ အထွက်နှုန်းတိုးရေးကိုလည်း အဓိကထားဆောင်ရွက်ပေးလျက်ရှိပေသည်။

ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်များကို စနစ်တကျပြုပြင်ထားသည့်မြေတွင် မြေဩဇာ ပြည့်မီစွာထည့်သွင်းခြင်း၊ အောင်ရေရရှိအောင်ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ပြည့်မီလာနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပြည်ပက စားသုံးဆီများတင်သွင်းနေရသကဲ့သို့ ပြည်တွင်းကထွက်ရှိသည့် ဆီထွက်သီးနှံထွက်ကုန်များကို ပြည်ပသို့တင်ပို့နေခြင်းများလည်းရှိပေသည်။ ပြည်တွင်း၌ ဆီစားသုံးမှုဖူလုံစေရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို အဓိကထား စိုက်ပျိုးကြပေသည်။

**“ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဆီများရရှိစေရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီကြိတ်စက်များဖြင့်ကြိတ်ခွဲနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးများလိုအပ်ကြောင်း၊ ယခင်ကလည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါကလည်း နိုင်ငံတော်က ရန်ပုံငွေများထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း”** ဩဂုတ် ၆ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိစေရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် လေးချက်နှင့် စနစ်တကျဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှုများတိုးတက်စေရေး စိုက်ပျိုးတောင်သူများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်သည်။ ဆီထွက်သီးနှံများကို အမှန်တကယ် တိုးတက်အောင် စိုက်ပျိုးမည်ဆိုပါက မြန်မာနိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများတိုးတက်လာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ဆီထွက်သီးနှံများစိုက်ပျိုးရေးကို စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းများတိုးအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ပြည်တွင်းဆီစားသုံးမှုဖူလုံပြီး ပြည်ပသို့လည်း ဆီထွက်သီးနှံထွက်ကုန်များကို ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်သကဲ့သို့ ပန်းတိုင်အထွက်နှုန်းလည်း တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် (၁၃)ကြိမ်မြောက် တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲနှင့် MIIT သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်



**မန္တလေး ဩဂုတ် ၈**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (၁၃) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့နှင့်မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နဝရတ်ကတိသစ္စာသံပြိုင်ရွတ်ဆို၍ ဖွင့်လှစ်ပြီး သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပါမောက္ခ ဒေါက်တာအေးထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဒုတိယဝန်ကြီးပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ဧည့်သည်တော်များသည် ပိုစတာများကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့်မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT)တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်ပြီး မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများနှင့်အတူ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဩဂုတ် ၈**

မန္တလေး ကားဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိပြီး ဈေးကွက်အကြိုက် ညာမောင်းကားများ၊ ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများ အရောင်းအဝယ်အနည်းငယ်ရှိသေးကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှာ ဟွန်ဒါဖစ်၊ တိုယိုတာဝစ်ရှ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ အမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

၆၆၀ ပစ်ကပ်ကားလေးများတွင် ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၁၉၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၇၀ ခန့် ဈေးပေါက်နေကြောင်း၊ ထို့ပြင် လျှပ်စစ်သုံးကားများတွင်လည်း ငွေကျပ် သိန်း ၅၀၀ မှ သိန်း ၁၂၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၃၀၊ တက္ကစီစလစ် ငွေကျပ် ၁၂၅ သိန်းခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ်ပြုလုပ်နေရဆဲဖြစ်ကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များကို လူငယ်အများစု စိတ်ဝင်စားကာ ဝယ်ယူမှု အနည်းငယ်ရှိနေပြီး အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ သိန်း ၇၀ ခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင် နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားမှာ ငွေကျပ် ၈ သိန်း ၅သောင်းမှ သိန်း ၂၀ ခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/ 125R/ CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၂၅ သိန်း ၅ သောင်းထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၉၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်မတ်ပဲများကို ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့သို့ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

“ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လထဲမှာ မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူအားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်ကလဲ ကောင်းလာတာဖြစ်ပါတယ်”ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၇၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုဗ္ဗသီရိမြို့နယ် ရန်အောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် သပြေတန်းကျေးရွာအုပ်စု ရန်အောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၇ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် တာဝန်ရှိသူများက ကျေးရွာသူကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရန်အောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ ကျေးရွာက ရွေးချယ်ထားသော ဦးစားပေးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်နေ ဦးကြည်ဝင်း၊ သား မောင်မောင်စိုး-မလှိုင်လှိုင်ဦး မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၈၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၈၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် မိုးစပါး ဧက ၃၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၄၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဘုတလင်မြို့နယ်အတွင်း မိုးစပါးဧက ၃၅၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးစေ့တွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တောင်သာမြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဖျောက်ဆိပ်ပင်ကျေးရွာ၌ ပဥ္စမအကြိမ် စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၀၃ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖျောက်ဆိပ်ပင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၂၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၇၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၉ ဦးကို ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၂၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ငါးရံ့ခြောက်ပိဿာချိန် ၅၃၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ခြောက် ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့နှင့်အခြားဒေသများက ဝယ်ယူမှု အားကောင်းနေခြင်းကြောင့် တင်ပို့ရောင်းချမှု အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့ အခြားဒေသတွေဆီ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ဈေးကတော့ ငါးခြောက်အကြီး၊ အသေးအပေါ်မူတည်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက်သိုလှောင်ထားသူတွေ အဆင်ပြေပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ ငါးရံ့ခြောက်ဝယ်ယူမှု အားကောင်းနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်သို့ လစဉ်စနစ်တကျ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက် အကြီး၊ အသေးပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ မှ ၁၄၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဒေါသအနာကို သည်းခံခြင်းပလတ်စတာ ကပ်ထားကြပါ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"တိုက်ရဲရင် ၊ တိုက်လိုက်စမ်းပါ"

ဘေးတွဲယာဉ်မောင်းက ကျွန်တော်စီးလာသော တက္ကစီ၏ရှေ့တွင် ပိတ်ရပ်ကာ ရန်စကားဆိုလာသည်။ ကျွန်တော်ရော တက္ကစီယာဉ်မောင်းပါ အံ့အားသင့်သွားကြသည်။

တက္ကစီယာဉ်မောင်းက ကားဟွန်းသံပေးကာ ဖယ်ခိုင်းသော်လည်း လုံးဝဖယ်မပေးဘဲ သူ့ဘေးတွဲယာဉ်ပေါ်မှကြည့်နေသည်။ တက္ကစီယာဉ်မောင်းက ဒေါသထွက်လာပြီး တက်ခေါက်ကာ ဒေါသဖြစ်ပြီး ကားပေါ်မှဆင်းရန် ကားတံခါးကိုဖွင့်နေစဉ်မှာပင် ကျွန်တော်က တားလိုက်ရသည်။

"တူမောင် မင်းမဆင်းနဲ့ အဲဒီလူက မူးနေတာကွ။ မင်း သူနဲ့ရန်မီးပွားနေရင် မင်းပဲဒုက္ခများသွားမယ်။ မင်းနဲ့အဆင့်မတူသူကို ယှဉ်ပြီးပြောမနေပါနဲ့ကွာ။ သူ့ကိုရှောင်ကွင်းပြီး မောင်းလိုက်ပါတူမောင်ရယ်။ ဦး တောင်းပန်ပါတယ်"

"ဆိုက်ကားနင်းနေတဲ့လူက ဘေးတွဲလည်းမောင်း ရရော ဘဝင်မြင့်ပြီး မိုက်ရိုင်းလွန်းနေတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလည်း နားမလည်ကြဘဲ သူတို့စိတ်ထင်သလို သွားလာနေကြတယ်။ ကျွန်တော့် ခြေထောက်အောက်မှာ လိုအပ်ရင်ကာကွယ်ဖို့ သံတုတ်ပါတယ် ဦး။ ဖြစ်ချင်ရာဖြစ် ကျွန်တော် ဆင်းရိုက်မလို့။ ဦးကိုအားနာလို့ ဒေါသကို မနည်းထိန်းနေရတယ်"

တက္ကစီသမားလေးက ခံပြင်းဒေါသဖြင့် ပြောရင်း ကျွန်တော့်ကိုအားနာပြီး ထိုဘေးတွဲယာဉ်ကို ရှောင်ကွင်းထွက်ခဲ့ရလေသည်။

အကယ်၍များ တက္ကစီသမားလေးက ကားပေါ်မှ ဆင်းပြီး သံတုတ်ဖြင့်ရိုက်လိုက်ပါက အကျယ်အကျယ်၊ မငြိမ်းဖွယ်ပြဿနာများ ဖြစ်ပေါ်လာပြီး ကျွန်တော်လည်း သက်သေလိုက် အလုပ်ရှုပ်ရပေဦးမည်။

တစ်ခါကလည်း ကျွန်တော်စီးလာခဲ့သော တက္ကစီသမားက ခရီးသည်တင်လိုင်းကားရှေ့သို့ ပိတ်ဆို့ရပ်ကာ ဝါးရင်းတုတ်ကိုဆွဲပြီး လိုင်းကားယာဉ်မောင်းကို ကားပေါ်မှဆင်းခဲ့ရန် ပြောသည်။ လိုင်းကားပေါ်က ခရီးသည်များနှင့် ကျွန်တော်က တက္ကစီသမားကို မေတ္တာရပ်ခံတောင်းပန်ပြီး လူချင်းခွဲခဲ့ကြရသည်။ သို့သော် ဒေါသပြင်းထန်နေသော တက္ကစီသမားက ဒေါသဖြင့် အော်ဟစ်ဆဲဆိုကြိမ်းမောင်းနေခဲ့သည်။

ဩော် ဒေါသ ဒေါသ ကြောက်စရာကောင်းလွန်းလှပါလား။

နေ့စဉ်မြင်တွေ့ကြားသိနေကြရသော အနိဋ္ဌာရုံ မြင်ကွင်းအဖုံဖုံနှင့် သတင်းအစုံစုံကို သုံးသပ်ကြည့်လျှင် လောဘ၊ ဒေါသ၊ မောဟတွေကြောင့် ဖြစ်ပွားနေရကြောင်း သိသာမြင်သာလှသည်။

မှုခင်းကြီးငယ်အသွယ်သွယ် ဖြစ်ပေါ်နေကြရခြင်းမှာလည်း လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်စိတ်များ ကြီးမားနေကြသူများကြောင့်ဖြစ်သည်။

ထို့ကြောင့် မအူပင်မြို့ လေးအိမ်စုကျေးရွာမှ ဆရာတော် အရှင်ဝိစိတ္တသာရ၏ "ဘဝလမ်းညွှန် ၃၈ ဖြာမင်္ဂလာမိတ်ဆက်"စာအုပ်ကလေးကို သတိရနေမိသည်။ ထိုစာအုပ်ထဲတွင် "၃၈ဖြာမင်္ဂလာတရားတွင် ပါဝင်သော အမှတ်စဉ်(၂၇) ခန္တီစ အရာရာသည်းခံခြင်း၊ အရာရာမှာ စိတ်ရှည်ရှည်ထားပါ။ စိတ်မတိုပါနဲ့"ဟု လမ်းညွှန်သမှုပြုထားသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ပင်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် စိတ်ရှည်ရှည်ထား၍ ပါရမီဖြည့်ကျင့်ခဲ့ရကြောင်း၊ သင်သည် မိမိဘဝတစ်လျှောက် အောင်မြင်မှုအမျိုးမျိုးကိုရရှိလိုပါလျှင် အရာရာမှာ စိတ်ရှည်ရှည်ထား၍ ကြိုးစားပါလေဟု အသိသတိပေးထားသည်။

"ခန္တီကျင့်သုံး၊ ကိုယ်ဝယ်သုံး၊ လူမုန်းမရှိနိုင်။

သူကခက်ထန်၊ ကိုယ်သည်းခံ၊ လမ်းမှန်ဖြစ်စေနိုင်။

သည်းခံစိတ်မွေး၊ ရန်မှဝေး၊ ငြိမ်းအေးနိဗ္ဗာန်တိုင်"

"ဒေါသကြီးသောသူ၏ပါးစပ်၌ ငရဲမီးသည် အမြဲလောင်လျက်ရှိ၏"

"စိတ်ဆိုးခြင်းသည်၊ အဆုံးတစ်နေ့အမှားတွေ့၏"

"စိတ်သည် သရဲသဘက်ထက် ကြောက်စရာကောင်း၏။ ပရိတ်ရွတ်လို့မရ"

"သူတော်ကောင်းမှန်လျှင် အရာရာသည်းခံနိုင်ရမည်"

"နှုန်းရန် ပုံချို၊ ပထဝီသည်၊ မညီမညွတ်၊ ယုတ်မြတ်မကောင်း၊ သွန်းလောင်းလှာလည်း၊ ခြင်းရာမခြား၊ မဖောက်ပြားသို့၊ တရားခန္တီ၊ သည်းခံလော့"

(မင်္ဂလသုတ်ပျို့)

မြေဟောက်၊ ငရဲမီးတို့နှင့်တူသောဒေါသကို ခန္တီတရားဖြင့်ထိန်းချုပ်ကြစေရေးအတွက် အဆိုအမိန့်၊

❖ ပွက်ပွက်ဆူနေသောရေနွေးအိုးထဲသို့ ငုံ့၍ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကိုမမြင်တွေ့နိုင်သလို ဒေါသမီးလောင်မြိုက်နေသူသည် အမှန်တရားကို မမြင်တွေ့နိုင်၊ မဆင်ခြင်နိုင်ဘဲ ဆင်ကန်းတောတိုး၊ အမှားမျိုးစုံကိုသာ ဆက်ကာဆက်ကာ ကျူးလွန်လေ့ရှိသည်။ တည်ငြိမ်ကြည်လင်နေသော ရေအိုးထဲသို့ငုံ့၍ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကို ပီပြင်စွာမြင်တွေ့နိုင်သလို သဝန်တိုငြူစူမှုကင်းစင်ပြီး ဒေါသမရှိပကတိမေတ္တာအပြည့်ထားသူသည် အမှန်တရားကိုသိမြင်ကာ ကျိုးကြောင်းဆင်ခြင်နိုင်သဖြင့် လိုအင်ဆန္ဒပြည့်ဝပြီး အောင်မြင်တိုးတက်လေ့ရှိသည်။ ❖

သံဝေဂဓမ္မလင်္ကာများစွာဖြင့် ဆိုဆုံးမခဲ့ကြသည်။

ဤနေရာတွင် ဒေါသမီးလောင်မြိုက်မှုဒဏ်ကို ဖော်ပြလိုသည်။

ဒေါသ၏ဆိုးကျိုးများကား အလွန်ပင်ကြောက်စရာကောင်းလွန်းလှသည်။ စွယ်စုံနီတိကထာများအဆိုအရ "မြွေသည် အမျက်လွန်၏။ သူယုတ်မာလည်း အမျက်လွန်၏။ မြွေထက် သူယုတ်မာသည်ကား အမျက်လွန်၏။ ထိုမြွေကိုကား မန္တရားနှင့်ဆေးဝါးတို့ဖြင့်ငြိမ်းစေနိုင်၏။ သူယုတ်မာကိုကား၊ အဘယ်မည်သည့်ဆေးဖြင့် ငြိမ်းစေနိုင်အံ့နည်း"ဟု ဖွင့်ဆိုထားသည်။

မြတ်ဗုဒ္ဓက ဒေါသကြီးသူများသည် "ရုပ်ရည်ဆင်းပျက်၊ အိပ်စက်မပျော်၊ ကျိုးသော်မရ၊ ဘောဂပျက်စေ၊ မိတ်ဆွေပျက်ပြား၊ အပါယ်လား၊ ခြောက်ပါးဒေါသအပြစ်တည်း"ဟု ဒေါသအပြစ်ခြောက်ပါးကို ဟောကြားခဲ့သည်။

ဒေါသနှင့်ပတ်သက်၍ ဆိုဆုံးမဩဝါဒများစွာရှိပါသည်။ "ပေးမလောက်တဲ့ လောဘ၊ တဖောက်ကန်းလုပ်တတ်တဲ့ဒေါသ၊ မြှောက်ထိုးပင့်ကော်လုပ်တတ်တဲ့မောဟ ဒါတွေနဲ့ပေါင်းနေသမျှ ဒုက္ခရောက်နေကြဦးမှာပါပဲ" "လောဘနှင့်သေ ပြိတ္တာပြည်၊ ရောက်လေများပါဘိ။ ဒေါသနှင့်သေ ငရဲပြည်၊ ရောက်လေများပါဘိ။ မောဟနှင့်သေ တိရစ္ဆာန်ပြည်၊ ရောက်လေများပါဘိ" "လောဘကို ဒါနတရားဖြင့် အနိုင်ယူပါ။ ဒေါသကို သီလတရားဖြင့် အနိုင်ယူပါ။ မောဟကို ဝိပဿနာတရားဖြင့် အနိုင်ယူပါ" "ကိုယ့်နှလုံးသားထဲမှာ ခန္တီဆိုတဲ့အမှားခံပစ္စည်း ထည့်ထားရင် ဒေါသမဖြစ်တော့ဘူး။ ဒေါသအနာပေါက်လျှင် သည်းခံခြင်းပလတ်စတာကပ်ပေးပါ" "ဒေါသသည် မဟာသမုဒ္ဒရာထက်နက်၏" "လောဘဖြစ်လာရင် ယဉ်ယဉ်လေးရှူးကြတယ်။ ဒေါသဖြစ်လာရင် ခပ်ကြမ်းကြမ်းရှူးကြတယ်။ ယဉ်ယဉ်လေးရှူးတာနဲ့ ခပ်ကြမ်းကြမ်းရှူးတာပဲကွာတယ်။ ဒါပေမဲ့ ရှူးနေမှန်းမသိကြဘူး" "အစွဲလမ်းဆုံးက လောဘ၊ အခက်ထန်ဆုံးက ဒေါသ၊ အမိုက်မှောင်ဆုံးက မောဟ၊ အပူပြင်းဆုံးက ကာမ၊ အမောက်မာဆုံးက မာန၊ ကြောက်စရာအကောင်းဆုံးက ငါစွဲမိစ္ဆာဒိဋ္ဌိ" ဟူ၍ဖြစ်သည်။

"အဘိဓဇမဟာရဋ္ဌဂုရုစံကင်းဆရာတော်ကြီး"က "စိတ်ဆိုးနေတုန်း စကားမပြောနှင့်။ မဆင်မခြင်အလျှင်စလိုမလုပ်နှင့်"ဟု ဒေါသစိတ်မဖြစ်ပွားအောင် ဟောကြားခဲ့သည်။ တရုတ်စကားပုံတွင် "သင့်ဒေါသကို ဖြစ်ဖြစ်ချင်း၊ သင်ထိန်းနိုင်လျှင် ဝမ်းနည်းနေရမည့် ရက်ပေါင်း ၁၀၀ ကို ရှောင်ကွင်းနိုင်ပေလိမ့်မည်"ဟု ဆိုထားသည်။ အတွေးအခေါ်ပညာရှင်ကြီး ပလေကပ်ကတော့ "ဒေါသသည် ယာယီရူးသွပ်မှုဖြစ်သည်။ ထို့ကြောင့် ဒေါသကိုထိန်းပါ။ သို့မဟုတ်ပါက သင်သည် ဒေါသကြီးဆွဲရာသို့ ပါသွားပေလိမ့်မည်"ဟု ဆိုထားသည်။

မြန်မာစကားတွင် "ဒေါသရှေ့ထား၊ မှားတတ်သည်" "မေတ္တာလွန်လျှင် ရာဂ၊ ကရုဏာ လွန်လျှင် ဒေါသ" "သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိ ကြီးဘိအမျက်၊ ဒေါသဖျက်သည်"ဟူ၍ ဒေါသ၏ဆိုးကျိုးများကို ဆိုထားသည်။

မှုခင်းများဖြစ်ပွားရခြင်း၏ အကြောင်းရင်းများတွင် "ဒေါသ"တရားကြောင့် ဖြစ်ပွားကြရသည်က အလွန်ပင်များပြားလှသည်။ ဒေါသကြောင့် အချင်းများကြ၊ ရန်ဖြစ်သတ်ပုတ်ကြ၊ သေကျေဒဏ်ရာရရုံးရောက်ဂါတ်ရောက် ထောင်ကျကြ၊ ဒုက္ခမျိုးစုံနှင့် ကြုံတွေ့ကြရလေ့ရှိသည်။ ယောက်ျားမိန်းမ ကြီးငယ်မဟူ ဒေါသ ထူပြောကြပါက အပူတောလောကငရဲသို့ ရောက်သည့်နှယ် ခံစားကြရလေ့ရှိသည်။

ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲသို့ ငုံ့၍ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကို မမြင်တွေ့နိုင်သလို ဒေါသမီးလောင်မြိုက်နေသူသည် အမှန်တရားကို မမြင်တွေ့နိုင်၊ မဆင်ခြင်နိုင်ဘဲ ဆင်ကန်းတောတိုး၊ အမှားမျိုးစုံကိုသာ ဆက်ကာဆက်ကာ ကျူးလွန်လေ့ရှိသည်။ တည်ငြိမ်ကြည်လင်နေသော ရေအိုးထဲသို့ငုံ့၍ကြည့်ပါက ကိုယ့်ပုံရိပ်အမှန်ကို ပီပြင်စွာမြင်တွေ့နိုင်သလို သဝန်တိုငြူစူမှုကင်းစင်ပြီး ဒေါသမရှိပကတိမေတ္တာအပြည့်ထားသူသည် အမှန်တရားကိုသိမြင်ကာ ကျိုးကြောင်းဆင်ခြင်နိုင်သဖြင့် လိုအင်ဆန္ဒပြည့်ဝပြီး အောင်မြင်တိုးတက်လေ့ရှိသည်။

ထို့ကြောင့် "မဃဒေဝလင်္ကာ"တွင် "မီးတောက်တမျှ ဟုန်းဟုန်းထလျက်၊ ဒေါသဟိတ်လွန်၊ ပြန့်ပွားဝှန်သော်၊ သတ္တန္တရ၊ ကပ်ကြီးကျ၍၊ သတ်ကြဖြတ်ကြ၊ အာဃာတဖြင့်၊ သေထဘုံမြောက်၊ ငရဲရောက်၏"ဟု တစ်မျိုး၊ "ဖျက်ဖျက်ဆီးဆီး လောင်သည့်မီးသို့၊ နီးစပ်ရာရာ၊ ပရိဝါနှင့်ဉာတကာမျိုးဆွေ၊ ပျက်စီးစေ၏။ ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင်၊ ဆိုသော့ယောင်သို့ မရှောင်စိတ်က၊ မျက်ဒေါသနှင့် မာနလွန်စွာ မယဉ်ရာဘူး"ဟု တစ်ဖုံ၊ "မချိစိတ်က၊ မြွေနှယ်ထ၍၊ ဒေါသနှင့်တူ၊ ပျက်ခြင်းဟူသည်၊ ပျက်သူမရှိ"ဟု တစ်သွယ်၊ သိမှတ်ဖွယ်အသွယ်သွယ်ကို နားလည်လိုက်နာကြရန် ဆုံးမဩဝါဒပေးခဲ့သည်။

သို့သော် အချို့က တရားမသိတာလား။ သိသိကြီးနဲ့မှားနေတာလားဆိုတာ စဉ်းစားစရာကောင်းလှသည်။ မီး ၁၁ ပါးထဲတွင် ဒေါသမီးပါသည်ကို သိပါလျက်နှင့် ကျွဲပါးစောင်းတီးအချည်းနှီးဖြစ်နေကြလေရာ မှားပြီးရင်းမှားနေကြသည်။ မိုက်တွင်းနက် ရက်စက်နေကြသည်။ "ဝန်တိုခြင်းသည်၊ ပြိတ္တာဘုံကို စရန်ပေးသည်နှင့်တူ၏" ဟူသောစကားအရ ဒေါသနှင့်နေ၊ အမှုပွေကာ၊ ဒေါသနှင့်သေပါက၊ ငရဲပြည်သို့ရောက်ကြပေလိမ့်မည်။

"ဒေါသကြီးသူ၏ပါးစပ်၌ ငရဲမီးသည် အမြဲလောင်လျက်ရှိသကဲ့သို့၊ သူတစ်ပါး၏အတင်းကိုပြောသူ၏ပါးစပ်၌ မြွေဟောက်သည် အမြဲခွေလျက်ရှိ၏"ဟူသော တရားဓမ္မအရ၊ ကြောက်ကြစေချင်စမ်းပါဘိ။

**ရန်ကိုရန်ချင်း မတုံ့နှင်းကြပါနဲ့**

မင်္ဂလသုတ်ပျို့တွင် "မဟာပထဝီမြေကြီးသည် အယုတ်အမြတ်မရွေး သည်းခံသကဲ့သို့"ဟု ပမာပြထားရာ ပေါ်လွင်ထင်ရှားလှသည်။ မြေကြီးက ရေစင်သွန်းလောင်းလည်းခံသည်။ အညစ်အကြေး သွန်းလောင်းလည်းခံသည်။ ချမ်းသာသူတွေ တက်နင်းလည်းခံသည်။ ဆင်းရဲသူတွေ တက်နင်းလည်းခံသည်။ တိရစ္ဆာန်တွေ တက်နင်းလည်းခံသည်။ အောင်မြေအဖြစ်လည်းခံသည်။ သင်္ချိုင်းမြေအဖြစ်လည်းခံသည်။ သက်ရှိ သက်မဲ့၊ အယုတ်၊ အလတ်၊ အမြတ်မရွေးကိုခံသည်။ သည်းခံသည့်နေရာတွင် မည်သည့်အခါမျှ မဖောက်ပြားဘဲ ခန္တီသစ္စာရှိလှသော မဟာပထဝီမြေကြီးအဖြစ် တင်စားနေကြခြင်းဖြစ်သည်။

"ဒေါသအနာပေါက်လျှင် သည်းခံခြင်းပလတ်စတာကပ်ပေးပါ"ဟုဆိုခြင်းမှာ ဒေါသအနာရင်းပြီး အဖျားဝင်အသက်ငင်ကာ သေဘေးနီးမှာစိုးသောကြောင့်ဖြစ်သည်။ ဒေါသစိတ်သည် တောင်ကျချောင်းရေကဲ့သို့ တစ်ဟုန်ထိုး စီးဆင်းလာလေ့ရှိရာ ပတ်ဝန်းကျင်ကို ဆိုးကျိုးပေးလေ့ရှိသည်။ မုန်ယိုသောဆင်သည်လည်း ကျေးဇူးရှင်သခင်ကိုပါမကျန် မြင်မြင်သမျှကို တရကြမ်းရမ်းကားရက်စက်သောင်းကျန်းလေ့ရှိသည်။ ခွေးရူးလည်း ထိုနည်းနှယ်ပင်။

ထို့ပြင် ဒေါသကြီးသူများသည် ရန်ငြိုးထားတတ်ကြသည်။ ဒေါသစိတ်ကြောင့် အာဃာတအငြိုးဖြစ်ပေါ်လာကာ ရန်များလေ့ရှိကြသည်။ ခန္တီတရားမရှိကြသူများသည် ဒေါသအစိုင်အခဲကို မချေဖျက်နိုင်ကြသောကြောင့် ဒေါသအဖုအကျိတ်က မကောင်းသောစိတ်တွေကို ဖြစ်ပေါ်လေ့ရှိသည်။ မကောင်းစိတ်ဝင်လာပါက အရာရာကို အကောင်းမြင်နိုင်စွမ်းမရှိဖြစ်လာသည်။ ကိုယ့်ကို အကြံဉာဏ်ကောင်းပေးသူရှိပါကလည်း အကောင်းမမြင်။ စေတနာကို ဝေဒနာဟုပင်ထင်ပြီး ရန်သူအဖြစ်ပင် အမြင်မှားလေ့ရှိသည်။ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားနိုင်စွမ်းမရှိတော့ဘဲ ဒေါသနှင့်တွဲပါလာသော အငြိုးစိတ်က တမြည့်မြည့်လှိုက်စားကာ စားမဝင်အိပ်မပျော် ဝေဒနာဖြစ်ပေါ်လာလေ့ရှိသည်။ ဒေါသမီးလောင်မြိုက်ခြင်းခံရပြီး စိတ်ဖိစီးမှုဒဏ်ကို ခံရခြင်းဖြစ်သည်။ ထိုစိတ်ဖိစီးမှုဒဏ်ကိုခံစားရင်းက ဒေါသမီးကတစ်ဆင့် အငြိုးသိုမုန်းမာန်ပွား၊ ရန်များလာလေ့ရှိသည်။

ထို့ကြောင့် "ခန္တီမသုံး၊ ဒေါသဖုံးသော်၊ လူမုန်းပေါများ၊ ရန်သူများ၏၊ စိတ်အားညှိုးသူ၊ အပြစ်တူလျက်၊ သေမူတွေဝေ၊ ပါယ်ကျလေ၏၊ ခြောက်ထွေဖြစ်ရိုး၊ မကောင်းကျိုး"ဟု သည်းခံစိတ်မထားကြသူများအတွက် အပြစ်ခြောက်ပါး သတ်မှတ်ထားခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၇၃၈၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း သြဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၇၃၈၈ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၇၁၆၂ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၃၈၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဆီထွက်သီးနှံစုံကေ ၂၇၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၈၁၅၅ ကေ၊ နှမ်း ၈၉၈၉ ကေနှင့်အခြားဆီထွက်သီးနှံ (သစ်ဆိမ့်) ၂၄၄ ကေ စုစုပေါင်း ၁၇၃၈၈ ကေတို့ ဖြစ်ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၅၉၀၅ ကေ၊ နှမ်း ၂၁၂၅၇ ကေ စုစုပေါင်း ၂၇၁၆၂ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းထံမှ သိရသည်။ (၂၀၆)

# လဝါခေါင် ချိန်ရာသီ

- နက္ခတ်အမွန် သရဝဏ်နှင့်
  မိုးစွန်ဖျားဆီပုဏ္ဏမီတို့
  ထိန်ကြည်ယှဉ်သည် သိဟ်ရာသီကို
  ရှေးဆီခါကနံကာလဟု
  နာမခေါ်ကြ ဝါခေါင်လ။

- ဤလချိန်ခါ
  လယ်ယာတစ်ရိုး ရာသီမိုးနှင့်
  စိုက်ပျိုးစီမံ သီးနှံဖြစ်ထွန်း
  လဲ့ရွှန်းဝေဆာ ဤမြေလွှာဝယ်
  မေတ္တာထုတ်ဖော် အခါတော်နှင့်
  ဖြစ်ပေါ်မှတ်တမ်းအေးရိပ်ဆင်
  ဤလဝါခေါင်ကမွှည်းတင်။

- ဝါခေါင်ဤလ
  စွမ်းစကိုယ်စီ လှံ့လတည်၍
  ဌာနီအေးချမ်း မေတ္တာလွှမ်းချိန်
  မြစမ်းရေသောက် လမ်းတူလျှောက်ရင်း
  ကြိုင်လှောက်မွှေးထုံ မေတ္တာဘုံဝယ်
  ကြည်ယုံမှုဖက် ရှေ့သို့ဆက်ကာ
  တွဲလက်ညီညီ မေတ္တာရည်
  လေးနက်ခိုင်ကြည် သစ္စာတည်
  ဤလဝါခေါင် ချိန်ခါမီ။ ။

**မောင်လေပြေ(တောင်တွင်း)**

# ပင်လောင်းမြို့နယ် ထီရွေးကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်လောင်း သြဂုတ် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါ့အင်ကျေးရွာအုပ်စု ထီရွေးကျေးရွာ၌ ကြက်သွန်ဖြူစိုက်ပျိုးရန် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ထီရွေးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ထီရွေးကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ကြက်သွန်ဖြူစိုက်ပျိုးမည့် ဦးတောင်သူအဖွဲ့၊ ထီရွေးစတားအဖွဲ့၊ ရွှေသီးနှံအဖွဲ့နှင့် ရွှေတောင်တန်းအဖွဲ့တို့မှ အသင်းသား၊ အသင်းသူ ၂၀ ဦးကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

➤ စာမျက်နှာ ၄ မှ အဆက်

၂၀၁၆ ခုနှစ် နိုဝင်ဘာလထုတ် မြတ်ပန်းရဂုံရုပ်စုံမဂ္ဂဇင်းတွင် "ဆရာတက္ကသိုလ်သျှင်သီရိ(မဟာစရိယ၊ ဘီအေ) ရေးသားထားသောဒေါသကို တဒင်္ဂငြိမ်းအောင် ထိန်းချုပ်နည်း ၁၁ နည်းကို အလျဉ်းသင့်၍ မျှဝေပေးလိုသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အကျယ်တဝင့်ပြဆိုထားသည်ဟု ညွှန်းဆိုထားသည်။

ဆန့်ကျင်ဘက်ရန်သူအပေါ်တွင် ရန်ငြိုးဖွဲ့နှောင်လိုစိတ်ဖြစ်ခဲ့သော်-

(၁) မေတ္တာစျာန်ဝင်စားပြီး မေတ္တာစျာန်မှထ၍ မိမိ၏ရန်သူကို မေတ္တာပွားလျက် ရန်ငြိုးကိုဖျောက်အပ်၏။

(၂) ဒေါသဖြစ်သောသူအား အဆင်းမလှ ဆင်းရဲနှင့်တွေ့ရ၏။ ဥစ္စာအသုံးအဆောင် အကျော်အစောမဲ့၏။ အဆွေခင်ပွန်းမရှိ၊ သေသော် အပါယ်လားရ၏။ စသည်ဖြင့် ဒေါသကိုဆင်ခြင်၍ ရန်ငြိုးကိုဖျောက်အပ်၏။

(၃) မိမိရန်သူ၏ ကိုယ်၊ နှုတ်၊ စိတ်စုတွင် ကြည်ညိုဖွယ်ရာကောင်းကွက်တစ်ခုကို ထုတ်နုတ်အောက်မေ့၍ ရန်ငြိုးကိုဖျောက်အပ်ရသည်။ (ကောင်းကွက်ကိုတွေး၍ ဖြေသိမ့်ရန်)

(၄) ဤသူသည် နှစ်ရက်သုံးရက်နေ၍ သေလွန်လျှင် ငရဲကျမည် တကားဟု ကရုဏာတရားကိုဖြစ်စေလျက် ရန်ငြိုးကို ဖျောက်အပ်၏။

(၅) ဘုရားရှင်၏ အဆုံးအမဩဝါဒအမျိုးမျိုးကို ဆင်ခြင်ပြီးလျှင် မိမိကိုယ်ကိုဆုံးမ၍လည်း ရန်ငြိုးကိုဖျောက်အပ်၏။

(၆) ခပ်သိမ်းသော သတ္တဝါတို့သည် ကံသာကိုယ်ပိုင်ဥစ္စာရှိသည်ဟု နှလုံးသွင်းသော ကမ္မဿကတဉာဏ်ဖြင့်လည်း ရန်ငြိုးကို ဖျောက်အပ်၏။

(၇) ခန္တီဝါဒီဇာတ်တော် စသည်၌လာသော အလောင်းတော်များ၏ သည်းခံနည်းများကို နည်းယူ၍ရန်ငြိုးကိုဖျောက်အပ်၏။

(၈) သံသရာတစ်လျှောက်၌ ဆွေမျိုးမတော်ခဲ့ဖူးသူမရှိဟု အနမတဂ္ဂိယ ဒေသနာကို ဆင်ခြင်၍လည်းရန်ငြိုးကိုဖျောက်အပ်၏။

(၉) မေတ္တာပွားများသူအား ချမ်းသာစွာအိပ်ရ၏။ ချမ်းသာစွာနိုးရ၏ စသည်ဖြင့် မေတ္တာအကျိုး(၁၁)မျိုးကို ဆင်ခြင်၍ ရန်ငြိုးကို ဖျောက်ရာ၏။

(၁၀) ရန်သူ၌ ဖွဲ့စည်းထားသောဓာတ်ကြီးလေးပါးကို ခွဲခြားစိတ်ဖြာ၍လည်း ရန်ငြိုးကိုဖျောက်အပ်၏။

(၁၁) မိမိပစ္စည်းကို ပေးလှူခြင်း၊ သူ့ပစ္စည်းကို အလှူခံခြင်းဖြင့်လည်း ရန်ငြိုးကိုဖျောက်အပ်၏။

စသည့် ရန်ငြိုးဖျောက်နည်း(၁၁)နည်းထဲမှ တစ်နည်းနည်းဖြင့် ဒေါသအမျက် ရန်ငြိုးဖွဲ့ယှက်မှုတို့ကို သံသရာတစ်လျှောက် ကောက်ကောက်မပါအောင် ဖျောက်ဖျက်သင့်သည်ဟု လမ်းညွှန်ထားရာ အဓိကမှာ ခန္တီသည်းခံခြင်းမင်္ဂလာပင်ဖြစ်သည်။

အရှင်းလင်းဆုံး အလွယ်ကူဆုံး ဥပမာပြရလျှင် လေတင်းနေသောဘောလုံးကို မာကျောသောအုတ်နံရံသို့ ပစ်ပေါက်ပါက တုံ့ပြန်တွန်းကန်အားကြောင့် မိမိပစ်သောဘောလုံးက မိမိထံပြန်မှန်လာသည့်သဘောပင်ဖြစ်သည်။ လေတင်းနေသောဘောလုံးကို ဝါဂွမ်းပုံထဲသို့ ပစ်ပေါက်ပါက တွန်းကန်တုံ့ပြန်မှုမရှိဘဲ ကျသည့်နေရာမှာသာ ငြိမ်သက်သွားလေ့ရှိသည်။

ထို့ကြောင့် ခန္တီတရားနှင့်တူသော ဝါဂွမ်းဖြူကဲ့သို့ စိတ်ထားဖြူစင်လျှင် လူချစ်လူခင်များ၊ မိတ်ဆွေများပြီး စိတ်ချမ်းသာကိုယ်ကျန်းမာဘဝကို ရယူပိုင်ဆိုင်နိုင်ကြပေမည်။

"ဒေါသမီးကို ခန္တီတရားနှင့် ငြိမ်းသတ်နိုင်ကြပါစေ"

## နိုင်ငံတကာ သတင်းများ

# သီရိလင်္ကာသမ္မတဟောင်း ရာဂျပက်ဆာ၏သား သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်

**ကိုလံဘို ဩဂုတ် ၈**

ယခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် သီရိလင်္ကာသမ္မတ ရွေးကောက်ပွဲ၌ သမ္မတဟောင်း မဟင်ဒါ ရာဂျပက်ဆာ၏သား နာမဲလ်ရာဂျပက်ဆာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အသက် ၃၈ နှစ်အရွယ် နာမဲလ်ရာဂျပက်ဆာသည် သီရိလင်္ကာ လွှတ်တော်၌ လွှတ်တော်အမတ်တစ်ဦးအဖြစ် တာဝန်ယူထားသူဖြစ်သည်။

နာမဲလ်ရာဂျပက်ဆာ၏ ဖခင် မဟင်ဒါရာဂျပက်ဆာ အနေဖြင့် လက်ရှိ သီရိလင်္ကာသမ္မတ ရာနီးလ် ဝစ်ခရီမီဆင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိသည်။

လေ့လာသူများ၏အဆိုအရ ယခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည့် သီရိလင်္ကာသမ္မတ ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဝစ်ခရီမီဆင်း ထပ်မံအနိုင်ရနိုင်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် သမ္မတရာထူးရရှိခဲ့သည့် ဝစ်ခရီမီဆင်းသည် ဘဏ္ဍာရေးအကျပ်အတည်းကာလအတွင်း သီရိလင်္ကာနိုင်ငံကို ဦးဆောင်ခဲ့ရသူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အီရန်နှင့် လက်ဘနွန်လေပိုင်နက်ကို ရှောင်ရှားပျံသန်းရန် လေကြောင်းလိုင်းများကို ပြင်သစ်နှင့် အီဂျစ် တိုက်တွန်း

**လန်ဒန် ဩဂုတ် ၈**

အီရန်နိုင်ငံနှင့် လက်ဘနွန်နိုင်ငံ လေကြောင်းပိုင်နက်များကို ရှောင်ရှားပျံသန်းကြရန် ပြင်သစ်နှင့် အီဂျစ်နိုင်ငံတို့က လေကြောင်းလိုင်းများကို ဩဂုတ် ၇ ရက်တွင် တိုက်တွန်းထားကြောင်း သိရသည်။

ဟားမတ်စ်အုပ်စုနှင့် ဟစ်ဇ်ဘိုလာအုပ်စု ထိပ်တန်းခေါင်းဆောင်များ လုပ်ကြံခံရမှုကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများမြင့်တက်နေချိန်တွင် အီရန်နှင့် လက်ဘနွန်လေကြောင်းလိုင်းများကို ရှောင်ရှားရန် ပြင်သစ်နှင့် အီဂျစ်တို့က သတိပေးထားခြင်းဖြစ်သည်။

ပြင်သစ်နှင့် အီရန်လေကြောင်းလိုင်းများသာမက အခြားကမ္ဘာတစ်ဝန်းရှိ လေကြောင်းလိုင်းများသည်လည်း အီရန်နှင့်လက်ဘနွန် လေကြောင်းပိုင်နက်များကို ရှောင်ရှားရေးအတွက် ပျံသန်းရာလမ်းကြောင်းများ ပြင်ဆင်ရေးဆွဲမှုများ ပြုလုပ်နေရသည်။

ထို့ပြင် အစ္စရေးနိုင်ငံသို့ ပျံသန်းပြေးဆွဲနေသည့် ခရီးစဉ်များကိုလည်း နိုင်ငံတကာလေကြောင်းလိုင်းများက ပယ်ဖျက်ထားကြောင်း သိရသည်။

လွန်ခဲ့သည့် ၁၀ နှစ်က ယူကရိန်းနိုင်ငံ၌ မလေးရှား ခရီးသည်တင်လေယာဉ်တစ်စင်း ပစ်ချခံရပြီးနောက်ပိုင်း ပဋိပက္ခဇုန်များအတွင်း ပျံသန်းပြေးဆွဲနေမှုများသည် နိုင်ငံတကာ လေကြောင်းလိုင်းများအတွက် အထူးသတိထားရမည့် ခရီးစဉ်များဖြစ်လာခဲ့သည်။

ဟားမတ်စ် ထိပ်တန်းခေါင်းဆောင် ဟာနီယာနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စု ထိပ်တန်းတပ်မှူးတစ်ဦး လုပ်ကြံခံရမှုအတွက် အစ္စရေးကို လက်တုံ့ပြန်မည်ဟု အီရန်နှင့် မဟာမိတ်များက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့ကိုဦးဆောင်မည့် ဘောဂဗေဒပညာရှင် မူဟမ်မက်ယူနွတ်စ် ပြင်သစ်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိ



**ဒါကာ ဩဂုတ် ၈**

ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအဖွဲ့သစ်ကိုဦးဆောင်မည့် ဘောဂဗေဒပညာရှင် မူဟမ်မက်ယူနွတ်စ်သည် ယနေ့တွင် ပြင်သစ်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိလာကြောင်း သိရသည်။

မူဟမ်မက်ယူနွတ်စ် ဦးဆောင်မည့် ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရအနေဖြင့် ယနေ့ညပိုင်းတွင် ဒါကာမြို့၌ ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများကြောင့် ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ အိန္ဒိယသို့ထွက်ပြေးခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်သမ္မတ မိုဟမ်မက်ရှာဟာဘူဒင်က မူဟမ်မက်ယူနွတ်စ်ကို ကြားဖြတ်အစိုးရခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မိုဟမ်မက်ယူနွတ်စ် ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့အနေဖြင့် ဘင်္ဂလားဒေ့ရှ် အထွေထွေရွေးကောက်ပွဲကို တာဝန်ယူကျင်းပရမည်ဖြစ်သည်။

အသက် ၈၄ နှစ်အရွယ် မူဟမ်မက်ယူနွတ်စ်ဦးဆောင်သော ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်သမ္မတ ရှာဟာဘူဒင်၏ သမ္မတနန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

မူဟမ်မက်ယူနွတ်စ်ကို ကြားဖြတ်အစိုးရခေါင်းဆောင်အဖြစ် ရွေးချယ်ရန် ဆန္ဒပြကျောင်းသားခေါင်းဆောင်များကိုယ်တိုင်က တောင်းဆိုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အင်ဒိုနီးရှားကမ်းလွန်၌ ရေနံတင်သင်္ဘောမီးလောင်မှုဖြစ်ပွား လူငါးဦးသေဆုံး၍ ၁၅ ဦး ဒဏ်ရာများရရှိ

**ဂျကာတာ ဩဂုတ် ၈**



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းလွန်၌ ဩဂုတ် ၇ ရက်က ရေနံတင်သင်္ဘောတစ်စီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ သင်္ဘောသားငါးဦး သေဆုံးခဲ့ရကြောင်း အင်ဒိုနီးရှား တာဝန်ရှိသူများက ပြောကြားသည်။

အဲလစ်ဇဘတ်အမည်ရှိ ၄င်း ရေနံတင်သင်္ဘော မီးလောင်မှုတွင် လူ ၁၅ ဦးလည်း ဒဏ်ရာများရရှိခဲ့ပြီး သုံးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ရေယာဉ်ဝန်ထမ်း ၂၅ ဦး လိုက်ပါလာသည့် အဲလစ်ဇဘတ်ရေနံတင်သင်္ဘောသည် ဘာလီကျွန်းမှ အနောက် နူဆာတန်ဂါရာပြည်နယ်သို့ မောင်းနှင်နေစဉ် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုမဖြစ်ပွားမီ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း အဲလစ်ဇဘတ်သင်္ဘောမှ သင်္ဘောသားတစ်ဦးက ပြောကြားထားသည်။

ဒုတိယပေါက်ကွဲမှုဖြစ်ပွားပြီးချိန်တွင် သင်္ဘောမှာရပ်တန့်၍ အင်ဂျင်ခန်း၌ မီးလောင်မှုစတင်ခဲ့ခြင်းဖြစ်ကြောင်း သင်္ဘောသားများ၏အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် အဲလစ်ဇဘတ် ရေနံတင်သင်္ဘော မီးလောင်မှုအကြောင်းအရင်းကို အင်ဒိုနီးရှား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကမ္ဘောဒီးယား၏ ဖူနန်တီချိုတူးမြောင်းစီမံကိန်းကို ဗီယက်နမ်ထောက်ခံ

**ဟနွိုင်း ဩဂုတ် ၈**

မဲခေါင်မြစ်ဝှမ်း လွင်ပြင်မှ ကမ္ဘောဒီးယားကမ်းရိုးတန်းထိ တူးမြောင်းတစ်ခု တူးဖော်တည်ဆောက်မည့် ကမ္ဘောဒီးယားနိုင်ငံ၏အစီအစဉ်ကို ဗီယက်နမ်နိုင်ငံအနေဖြင့် ထောက်ခံကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဖူနန်တီချိုအမည်ရှိ အဆိုပါတူးမြောင်းစီမံကိန်းကြောင့် ပေါ်ထွက်လာနိုင်ဖွယ်ရှိသော ဆိုးကျိုးများကို ထိန်းချုပ်ရေးအတွက် ကြိုးပမ်းရာတွင်လည်း ပါဝင်လိုကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကမ္ဘောဒီးယားအာဏာပိုင်များသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ကုန်ကျမည့် ဖူနန်တီချိုတူးမြောင်းစီမံကိန်းကို ဩဂုတ် ၅ ရက်တွင် စတင်ခဲ့သည်။

၄င်းတူးမြောင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဆီဟာနော့ဗီးလ်ဆိပ်ကမ်းသို့ ရေကြောင်းမှတစ်ဆင့် ကုန်စည်တင်ပို့ရာတွင် ဗီယက်နမ်ဆိပ်ကမ်းများအပေါ် မှီခိုနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ပြောကြားထားသည်။

သို့ရာတွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ဖူနန်တီချိုတူးမြောင်း တည်ဆောက်ရေး ဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဖူနန်တီချိုတူးမြောင်း စီမံကိန်းကို တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ကမ္ဘောဒီးယားအစိုးရက အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့




**ဝါရှင်တန် ဩဂုတ် ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီက လွှတ်တင်ထားသော ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်သည် ဩဂုတ် ၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို ဩဂုတ် ၅ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် ပတ်လမ်းနေရာပြောင်းလဲမှုလုပ်ငန်းစဉ်၌ ပြဿနာရှိခဲ့သော်လည်း ဆက်လက်ပျံသန်းခဲ့ပြီးနောက် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားရေရိက္ခာနှင့် အခြားပစ္စည်းများစုစုပေါင်း အလေးချိန် ကီလိုဂရမ် ၃၇၂၀ သယ်ဆောင်ထားသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာ အာကာသစခန်းသည် တောင်အတ္တလန္တိတ်သမုဒ္ဒရာအထက်၌ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ တပ်ဆင်ထားသည့် ကနေဒါစက်ရုပ်လက်တံ၏ အကူအညီဖြင့် အာကာသစခန်းယာဉ်နှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ရှေးခေတ်ပန်ဒါဝက်ဝံ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ တူးဖော်တွေ့ရှိ

**ပေကျင်း ဩဂုတ် ၈**

သက်တမ်းအားဖြင့် အနည်းဆုံး နှစ်ပေါင်း ၁၀၀၀၀ ရှိသော ရှေးခေတ်ပန်ဒါဝက်ဝံကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်ရှီးပြည်နယ်၌ တူးဖော်တွေ့ရှိထားကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

ကျောက်လိုဏ်ဂူတစ်ခုအတွင်းပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ရသည့် အဆိုပါ ပန်ဒါဝက်ဝံကျောက်ဖြစ်ရုပ်ကြွင်းမှာ အကောင်းပကတိရှိနေဆဲဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ ရှေးဟောင်းပန်ဒါဝက်ဝံသည် ပလိုင်စတိုစင်းဘူမိခေတ်လယ်နှင့် ခေတ်နှောင်းပိုင်းကာလ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀၀ နှင့် ၁၀၀၀၀ ကြားတွင် ရှင်သန်ခဲ့သော ပန်ဒါဝက်ဝံဖြစ်သည်။

မိမိတို့တွေ့ရှိထားရသည့် ပန်ဒါဝက်ဝံရုပ်ကြွင်းမှာ ၇၀ ရာခိုင်နှုန်း အကောင်းပကတိ ရှိသေးကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ပန်ဒါဝက်ဝံရုပ်ကြွင်းသည် ပန်ဒါဝက်ဝံများ၏ ရှင်သန်ရပ်တည်ပုံနှင့်ဆင့်ကဲပြောင်းလဲမှုတို့ကို လေ့လာရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ပလိုင်စတိုစင်းဘူမိခေတ် ၏ ပထဝီအနေအထားနှင့် 

သဘာဝပတ်ဝန်းကျင်အနေအထားတို့ကို လေ့လာဖော်ထုတ်ရာတွင်လည်း အဆိုပါပန်ဒါဝက်ဝံရုပ်ကြွင်းက အထောက်အကူပေးနိုင်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက် တည်ဆောက်ရေးလုပ်ငန်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီ စတင်နေ

**ပေကျင်း ဩဂုတ် ၈**

ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်၌ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တည်ဆောက်ရေးလုပ်ငန်းကို တရုတ်အမျိုးသား အာကာသအေဂျင်စီက စတင်နေပြီဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။



တရုတ် အမျိုးသားအာကာသအေဂျင်စီသည် ချင်းဖန်အမည်ရှိ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၁၈ စင်းကို ဩဂုတ် ၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ချင်းဖန်ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၆ ဒုံးပျံကို တရုတ်နိုင်ငံမြောက်ပိုင်း တိုင်ယွန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် ချင်းဖန်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ချင်းဖန် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်သည် အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသ နည်းပညာကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကဲ့သို့ ကမ္ဘာတစ်ဝန်းလုံးသို့ အင်တာနက်ဝန်ဆောင်မှုပေးနိုင်မည့် ဂြိုဟ်တုကွန်ရက်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ချင်းဖန်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်းပေါင်း ၁၄၀၀၀ ဖြင့် ဖွဲ့စည်းရန်ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ထိုးဆေးတစ်မျိုးက အရိုးအဆစ်နာတာရှည် နာကျင်ကိုက်ခဲမှုအတွက် ကုထုံးသစ်ဖြစ်လာနိုင်

**လန်ဒန် ဩဂုတ် ၈**

တစ်လတစ်ကြိမ် ထိုးနှံရန်လိုအပ်သည့် ထိုးဆေးတစ်မျိုးသည် အဆစ်အမျက်ရောင်ရောဂါ (Osteoarthritis) ကြောင့် ပေါ်လာတတ်သည့် အရိုးအဆစ်နာတာရှည် နာကျင်ကိုက်ခဲမှုအတွက် ကုထုံးသစ် ဖြစ်လာနိုင်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

အဆစ်အမျက်ရောင် လူနာပေါင်း ၅၁၀ ပါဝင်သည့် လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသောရလဒ်များအရ LEVI-04 အမည်ရှိ အဆိုပါထိုးဆေးသစ်သည် လူနာများ၏ ဒူးဆစ်ရိုးနာကျင်ကိုက်ခဲမှုကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရှိရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

LEVI-04 ထိုးဆေးကို ဗြိတိန်နိုင်ငံအခြေစိုက် Levicept ဇီဝနည်းပညာကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်သည်။

LEVI-04 ထိုးဆေးသည် ဒူးဆစ်ရိုးကိုက်ခဲခြင်း၊ ခါးနာခြင်း၊ ပခုံးရိုးအဆစ် နာခြင်းတို့အပြင် ကင်ဆာရောဂါနှင့် ဆက်စပ်နေသော နာကျင်ကိုက်ခဲမှုများကိုလည်း လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အရိုးအဆစ်ရောင်ရမ်းမှုရောဂါသည် အရိုးအဆစ်များ၏ အဆုံးပိုင်းရှိ အရိုးနုများပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့်ရောဂါဖြစ်သည်။

၎င်းရောဂါဖြစ်ပွားပါက ရောဂါရှိရာ အရိုးအဆစ်များ ရောင်ရမ်းခြင်း၊ နာကျင်ကိုက်ခဲခြင်းများ ရေရှည် ခံစားရတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## မျောက်ကျောက်ရောဂါကို နိုင်ငံတကာကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာရန် သင့်၊ မသင့် WHO စဉ်းစားမည်

**ဂျီနီဗာ ဩဂုတ် ၈**

အာဖရိကတိုက်၌ ကူးစက်မှုနှုန်းမြင့်မားနေသော မျောက်ကျောက်ရောဂါ (mPox) ကို နိုင်ငံတကာ ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ်ကြေညာရန် သင့်၊မသင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က စဉ်းစားမည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် ရက်များအတွင်း ကင်ညာနှင့် ယူဂန်ဒါနိုင်ငံများ၌ စစ်ဆေးတွေ့ရှိထားရသည့် မျောက်ကျောက်ရောဂါ ပိုးရပ်များမှာ ပို၍ ကြောက်မက်ဖွယ်ကောင်းကြောင်း WHO ကျွမ်းကျင်သူများက ပြောကြားသည်။


အဆိုပါမျောက်ကျောက်ရောဂါ ပိုးရပ်ကူးစက်မှုသည် ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၌ မြင့်တက်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် အာဖရိကတိုက်၌ မျောက်ကျောက်ရောဂါ ပိုးရပ် ကူးစက်မှုနှုန်းမြင့်မားလာမှုကို နိုင်ငံတကာ ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ကြေညာရန် သင့်၊ မသင့်နှင့်ပတ်သက်၍ အကြံဉာဏ်ရယူရေးအတွက် ကျွမ်းကျင်သူကော်မတီ အစည်းအဝေးခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အာဖရိက၌ မျောက်ကျောက်ရောဂါ ပိုးရပ် ကူးစက်မှုနှုန်း မြင့်မားလာမှုကိုထိန်းချုပ်ရေးအတွက် ဒေသတွင်းကျန်းမာရေးအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နေသည်ဟု WHO က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အေတီကိုတိုက်စစ်မှူး အိုမိုရိုဒီယွန်ကိုခေါ်ယူရန် ချဲလ်ဆီးအသင်း နောက်ဆုံးသဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၈**

ချဲလ်ဆီးအသင်းသည် အေတီကိုအသင်းမှ တိုက်စစ်မှူး အိုမိုရိုဒီယွန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၄ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် အေတီကိုအသင်းနှင့် နောက်ဆုံးသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အိုမိုရိုဒီယွန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂရန်နာဒါအသင်းမှ အေတီကိုအသင်းသို့ စတာလင်ပေါင် ၅ ဒသမ ၁ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် အသင်းအနေဖြင့် အလာဗက်အသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ရာ ပြိုင်ပွဲစုံ ၃၅ ပွဲတွင် သွင်းဂိုးရှစ်ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သဖြင့် ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၃၄ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့သောကြောင့် အေတီကိုအသင်းအနေဖြင့် ကစားသမားအတွက် အကျိုးအမြတ် စတာလင်ပေါင် ၂၉ သန်းထိ ရရှိခဲ့သည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူညီချက်တွင် အိုမိုရိုဒီယွန်သည် ချဲလ်ဆီးအသင်းနှင့် ခုနစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး စာချုပ်ကုန်ဆုံးပါက တစ်နှစ် သက်တမ်းတိုးခွင့်လည်း ပါရှိခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား ဂယ်လာဟာကို အေတီကိုအသင်းသို့ စတာလင်ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့ခွင့်ပြုပြီးနောက် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုဖြင့် တိုက်စစ်မှူး အိုမိုရိုဒီယွန်ကို ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုအပြောင်းအရွှေ့တွင် ပြောင်းရွှေ့ကြေး အများအပြားသုံးစွဲ၍ ငါးယောက်မြောက် ကစားသမားသစ်ခေါ်ယူနိုင်ခဲ့သည်။

အိုမိုရိုဒီယွန်သည် ပင်နယ်တီဧရိယာအတွင်း တွန်းတိုက်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် နည်းပြမာရက်စ်ကာ၏ လိုအပ်ချက်နှင့်ကိုက်ညီနေကာ တိုက်စစ်မှူး ဂျက်ဆန်၏နေရာတွင် အစားထိုးရန်ဆုံးဖြတ်ထားပြီး လက်ရှိတွင် ကစားသမားအနေဖြင့် စပိန်အသင်းနှင့် အိုလံပစ်ပြိုင်ပွဲ ပါဝင်ကစားနေသောကြောင့် ပြိုင်ပွဲပြီးဆုံးမှသာ အသင်းတွင် ဆေးစစ်မှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို လက်လွှတ်ခဲ့ရသည့် မန်စီးတီးအသင်းက ၎င်းနေရာတွင် ပဲလေ့စ်အသင်း တောင်ပံကစားသမား အက်ဇီနှင့် အစားထိုးသွားရန်ဆုံးဖြတ်ခဲ့ပြီး ကမ်းလှမ်းမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။
- ခံစစ်ကစားသမား လူးကပ်ဒင်ဂီက အေဗီလာအသင်းမှ ထွက်ခွာရန် ငြင်းဆိုခဲ့ပြီး အသစ်ခေါ်ယူထားသည့် ခံစစ်ကစားသမား မာအက်ဆန်နှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ဂါလာတာစာရေးအသင်းမှ ထွက်ခွာခွင့်ရထားသည့် တိုက်စစ်မှူး ဇာဟာက အသင်းဟောင်း ပဲလေ့စ်အသင်းနှင့် ပြန်လည်ပူးပေါင်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

**ML**

# ဆောက်သမ်တန်အသင်းနှင့် လာဇီယိုအသင်းတို့ခြေစမ်းပွဲစဉ်တွင် ကစားသမားများ ခိုက်ရန်ဖြစ်ပွား



**လန်ဒန် ဩဂုတ် ၈**

ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆောက်သမ်တန်အသင်းနှင့် လာဇီယိုအသင်းတို့ ပွဲစဉ်တွင် ကစားသမားများကြား ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင် ဆောက်သမ်တန်အသင်းက ပွဲအစခြောက်မိနစ်တွင် တိုက်စစ်မှူး အယ်ကာရက်စ်၏ ဖန်တီးပေးမှုမှ ဒီယက်ဇ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် ၃၂ မိနစ်တွင် ညှော်သည် လာဇီယိုအသင်းက ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သော်လည်း ဒုတိယပိုင်း ပွဲကစားချိန် ၆၂ မိနစ်အရောက်တွင် လာဇီယိုအသင်း ခံစစ်ကစားသမား ရာမာဂနိုလီနှင့် ဆောက်သမ်တန်တိုက်စစ်မှူး အယ်ကာရက်ဇ်တို့ အချင်းများခဲ့ရာမှ နှစ်ဖက်အသင်း ကစားသမားများနှင့် နည်းပြအဖွဲ့များပါဝင်ခဲ့ပြီး ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်တွင် အယ်ကာရက်ဇ်၏ ရန်လိုမှုကြောင့် ခံစစ်ကစားသမား ရာမာဂနိုလီက ဒေါသထွက်ခဲ့ပြီး အယ်ကာရက်ဇ်၏ လည်ပင်းကို ညှစ်ခဲ့သဖြင့် အယ်ကာရက်ဇ်က ပြန်လည်တုံ့ပြန်မှုကြောင့် နှစ်ဖက်အသင်းကစားသမားများ ပါဝင်လာခဲ့ပြီး ကွင်းလယ်ဒိုင်က ထိန်းသိမ်းမှုပြုလုပ်၍ ခိုက်ရန်ဖြစ်ပွားခဲ့သည့် ကစားသမားနှစ်ဦးစလုံး တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယူအီးအက်ဖ်အေက တစ်စုံတစ်ရာ ထုတ်ပြန်ခြင်း မရှိသေးသော်လည်း ကစားသမားများကို ထိန်းသိမ်းရန် ပျက်ကွက်ခဲ့သည့် ကလပ်အသင်းနှစ်သင်းစလုံးအနေဖြင့် အရေးယူခံရဖွယ်ရှိကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီမှ ပရီးမီးယားလိဂ်သို့ တန်းတက်လာခဲ့ပြီး ရာသီအကြိုခြေစမ်းပွဲစဉ် ခြောက်ပွဲကစားခဲ့ရာ အောက်ဖို့ဒ်အသင်းတစ်သင်းကိုသာရှုံးခဲ့ပြီး လာမည့် ဩဂုတ် ၁၀ ရက်တွင် ဂီတာဖေးအသင်းနှင့် နောက်ဆုံးခြေစမ်းပွဲစဉ်ပြီးလျှင် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်း အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# လီဗာပူးအသင်းက ဇူဘီမန်ဒီကို စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၆၀ ဖြင့်ခေါ်ယူရန် ပြင်ဆင်

**လန်ဒန် ဩဂုတ် ၈**

လီဗာပူးအသင်း နည်းပြ အာနီစလော့က ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီအား စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၆၀ ဖြင့်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဆိုစီဒက်အသင်းသည် ကွင်းလယ်ကစားသမားကို ရောင်းချရန် ဆန္ဒမရှိသော်လည်း ကစားသမားအနေဖြင့် လီဗာပူးအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေကာ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် လီဗာပူးအသင်းက စာချုပ်ဖျက်သိမ်းကြေးဖြင့် ကမ်းလှမ်းရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ခံစစ် ကစားသမား ဇူဘီမန်ဒီကို အာဆင်နယ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က ပြီးခဲ့သည့် နွေရာသီကတည်းက ခေါ်ယူရန်စိတ်ဝင်စားခဲ့ပြီး ကစားသမားအနေဖြင့် အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သဖြင့် အပြောင်းအရွှေ့မဖြစ်ခဲ့သော်လည်း ယခုအပြောင်းအရွှေ့တွင် ကစားသမားကိုယ်တိုင်က လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကာ ဆိုစီဒက်အသင်းက ထွက်ခွာခွင့်မပေးပါက စာချုပ်ဖျက်သိမ်းကြေးဖြင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ကွင်းလယ်ခံစစ်ပိုင်းမှ ဖာဘင်ဟို၊ ဟန်ဒါဆန်တို့ကို လက်လွှတ်ခဲ့ရပြီးနောက် စတုဂတ်အသင်းမှ အန်ဒိုကိုသာ ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီး လက်ရှိ ကွင်းလယ်ခံစစ်ပိုင်းတွင် အန်ဒို၊ ဂရာဘန်ဘာ့၊ ဆိုဘော့ဇလိုင်တို့ကို အကောင်းဆုံးအသုံးပြုနိုင်သော်လည်း အခြားနေရာများထက် ကွင်းလယ်ခံစစ်တွင် အားနည်းချက် ရှိနေသောကြောင့် ဇူဘီမန်ဒီကို ထပ်မံခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ဇူဘီမန်ဒီသည် ဆိုစီဒက်အကယ်ဒမီကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲတွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၂၄ ယူရိုပြိုင်ပွဲတွင် စပိန်အသင်းတွင် ပါဝင်ခွင့်ရခဲ့ကာ အသင်းနှင့်အတူ အကောင်းဆုံးပါဝင်၍ အသင်းအား ယူရိုချန်ပီယံဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ပဲရစ်အိုလံပစ်အားကစားပွဲတော် အမျိုးသား ၅၈ ကီလိုတန်းတွင် တောင်ကိုရီးယားတိုက်ကွမ်ဒိုကစားသမား ပက်ခ်တဲဂျွန်ရွှေတံဆိပ်ဆွတ်ခူး

**ပဲရစ် ဩဂုတ် ၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် ပဲရစ်အိုလံပစ်အားကစားပွဲတော် အမျိုးသား ၅၈ ကီလိုတန်း တိုက်ကွမ်ဒိုပြိုင်ပွဲတွင် တောင်ကိုရီးယား တိုက်ကွမ်ဒိုကစားသမားပက်ခ်တဲဂျွန်က ရွှေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ခ်တဲဂျွန်သည် ဖိုင်နယ်အဆင့်တွင် အဇာဘိုင်ဂျန် တိုက်ကွမ်ဒိုကစားသမား မာဂိုမီဒို့ဗ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဒုတိယအချီတွင် မာဂိုမီဒို့ဗ်က ဒဏ်ရာရရှိသွားခဲ့သဖြင့် နည်းပြအဖွဲ့က ပုဝါထောင်ကာ အရှုံးပေးခဲ့ခြင်းကြောင့် ပက်ခ်တဲဂျွန်က ရွှေတံဆိပ်ဆုအား ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။


အိုလံပစ် အားကစားပွဲတော်ပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်း၌ တောင်ကိုရီးယားနိုင်ငံသားများအနေဖြင့် အိုလံပစ်အားကစားပွဲတော် ကျင်းပလာသည့်ကာလတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ဖူးခြင်းမရှိပဲ ပက်ခ်တဲဂျွန်က ပထမဆုံး ရွှေတံဆိပ် ဆွတ်ခူးနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။



အသက် ၂၀ နှစ်အရွယ် ပက်ခ်တဲဂျွန်သည် တောင်ကိုရီးယား တိုက်ကွမ်ဒိုလောက၏ အကောင်းဆုံး တိုက်ကွမ်ဒိုကစားသမားဖြစ်သကဲ့သို့ အနာဂတ်တွင် တောင်ကိုရီးယား တိုက်ကွမ်ဒိုသမိုင်းတစ်လျှောက် ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်လာနိုင်သူအဖြစ် သတ်မှတ်ခံထားရသူလည်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဒဂုံစတား ယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် မြဝတီအက်ဖ်စီ ယူ-၂၀ အသင်းနှင့် ဒဂုံစတား ယူ-၂၀ အသင်းတို့ ကစားခဲ့ရာ ဒဂုံစတား ယူ-၂၀ အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတား ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်တွင် မြဝတီအက်ဖ်စီ အသင်းမှ နိုင်လင်းထွန်းက ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့မိသည့်အတွက် ဦးဆောင်ဂိုးရရှိခဲ့ကာ ပွဲချိန် ၇၃ မိနစ်တွင် ခန့်ဇော်ဟိန်းက ဒုတိယသွင်းဂိုးနှင့် မြဝတီအက်ဖ်စီ ယူ-၂၀ အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ဖိုးချစ်လွန်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ဧရာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်နှင့် ၂၅ မိနစ်တွင် ထက်အောင်လွင်၊ ပွဲချိန် ၅၂ မိနစ်တွင် လင်းပြည့်အောင်တို့က သွင်းယူခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၀) ပွဲစဉ်များအဖြစ် ဩဂုတ် ၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် ရခိုင်ယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ ယူ-၂၀ အသင်း၊ ဗဟန်းအားကစားကွင်းတွင် သစ္စာအားမာန် ယူ-၂၀ အသင်းနှင့် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ပဲရစ်အိုလံပစ်အားကစားပွဲတော် အမျိုးသမီးဂေါက်သီးရိုက် ပြိုင်ပွဲ အမှတ်ပေးဇယားကို ဘူတီယာဦးဆောင်

**ပဲရစ် ဩဂုတ် ၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသည့် ပဲရစ်အိုလံပစ် အားကစားပွဲတော် အမျိုးသမီး တစ်ဦးချင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ပြင်သစ် ဂေါက်သီးရိုက်မယ် ဘူတီယာက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီး ရိုက်မယ် ဘူဟိုင်က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး မက္ကဆီကို ဂေါက်သီးရိုက်မယ် လိုပက်ဇ်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် အသီးသီး ရပ်တည်လျက်ရှိသည်။

အိမ်ရှင် ဂေါက်သီးရိုက်မယ် ဘူတီယာသည် ပရိသတ်များ၏ အားပေးမှုကို အပြည့်အဝရရှိထားပြီး ပထမနေ့တွင် ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့သည်။

လက်ရှိချန်ပီယံဖြစ်သူ နယ်လီကော့ဒါသည် ချန်ပီယံဆုအား ကာကွယ်နိုင်ရန် ရေပန်းစားနေသော်လည်း ပထမနေ့တွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ဘိုင်ယန်မြူးနစ်အသင်းက စာချုပ်သက်တမ်းကုန်ဆုံးမည် အယ်ဖွန်ဆိုဒေးဗစ်ကို လက်ရှိအပြောင်းအရွှေ့ကာလတွင် ရောင်းချနိုင်ရန်ကြိုးပမ်း



**ဘာလင် ဩဂုတ် ၈**

ဘိုင်ယန်မြူးနစ် အသင်းက အသင်း၏ သက်တမ်းတိုးစာချုပ် ကမ်းလှမ်းမှုကို ငြင်းပယ်ထားသည့် တောင်ပံခံစစ် ကစားသမား အယ်ဖွန်ဆိုဒေးဗစ်ကို လက်ရှိအပြောင်းအရွှေ့ ကာလတွင် ရောင်းချနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ အယ်ဖွန်ဆိုဒေးဗစ်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ကနေဒါကလပ် ဗန်ကူးဗားအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ လက်ရှိဘောလုံး လောကတွင် အကောင်းဆုံး ဘယ်တောင်ပံ ခံစစ်ကစားသမား များအနက် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

လက်ရှိ ဘိုင်ယန်မြူးနစ် အသင်းနှင့် အယ်ဖွန်ဆိုဒေးဗစ်တို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့ပြီး ဘိုင်ယန်မြူးနစ် အသင်းက ၎င်းကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း အယ်ဖွန်ဆိုဒေးဗစ်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ ဝါရင့်ခံစစ်ကစားသမား ကာဗာဂျယ်၏နေရာတွင် ရေရှည် အစားထိုးရန်အတွက် အယ်ဖွန်ဆိုဒေးဗစ်ကို ပစ်မှတ်ထားနေပြီး အစောပိုင်းက လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ဆုံးဖြတ်ထားသော်လည်း ဘိုင်ယန်မြူးနစ် အသင်းနှင့် အယ်ဖွန်ဆိုဒေးဗစ်တို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် ရီးရဲလ်မက်ဒရစ် အသင်းက လာမည့်နှစ်မှသာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

**STA**

# ဖီအိုရင်တီးနားအသင်းက အသင်းလက်မဲ့ဖြစ်နေသည် ဂိုးသမားဒီဂီယာကို ခေါ်ယူနိုင်ရန်နီးစပ်နေ



**ရောမ ဩဂုတ် ၈**

မန်ယူအသင်းနှင့် လမ်းခွဲခဲ့ပြီး နောက် ကလပ်အသင်းလက်မဲ့ ဖြစ်နေသည့် ဂိုးသမားဒီဂီယာကို စီးရီးအေကလပ် ဖီအိုရင်တီးနား အသင်းက ခေါ်ယူနိုင်ရန်နီးစပ် လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ဒီဂီယာသည် ၂၀၁၁ ခုနှစ်က အေတီကိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းတွင် ဆယ်စုနှစ်တစ်ခု ကျော်ကြာကစားခဲ့ရာ ဆုဖလားများ စွာဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် ဇွန်လက အသင်းနှင့်စာချုပ် သက်တမ်းကုန်ဆုံးချိန်တွင် လမ်းခွဲ ခဲ့သည်။

ဂိုးသမားဒီဂီယာကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလနှင့် ဇန်နဝါရီ ကစားသမားအပြောင်း အရွှေ့ကာလတို့တွင် ဆော်ဒီကလပ် အသင်းများက မြင့်မားသည့် လုပ်ခလစာငွေဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဒီဂီယာကိုယ်တိုင်က ဥရောပကလပ်အသင်း တစ်သင်းတွင်သာ ကစားလိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည်။

အလားတူ ၎င်းကို စပိန်ကလပ်အသင်းအချို့နှင့် ပရီးမီးယားလိဂ်ကလပ်အသင်းအချို့က ကမ်းလှမ်းမှုများရှိခဲ့သော်လည်း ညှိနှိုင်းမှုအဆင်မပြေ ဖြစ်ခဲ့သည့်အတွက် မပြောင်းအရွှေ့ မဖြစ်မြောက်သကဲ့သို့ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း ဂျီနိုအာ အသင်းက ကမ်းလှမ်းမှုများရှိခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှု အဆင်မပြေဖြစ်ခဲ့ပြီးနောက် ဆွေးနွေးမှုများ ရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်။

ဖီအိုရင်တီးနား အသင်းက ပြီးခဲ့သည့်ရက်ပိုင်းက ဒီဂီယာကို ခေါ်ယူရန်အတွက် တရားဝင် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ လက်ရှိတွင် စာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်လျက် ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် မြဝတီအသင်းက YREO အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဩဂုတ် ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစား ကွင်းတွင် မြဝတီအသင်းနှင့် YREO အသင်းတို့ ကစားခဲ့ရာ မြဝတီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး တိုက်စစ်မြင့်ကစားခဲ့ရာမှ ပွဲချိန် ၅၁ မိနစ်တွင် စုစုခင်က YREO အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း မြဝတီအက်ဖ်စီအသင်းက ပြန်လည် ဖိအားပေး ကစားခဲ့ရာမှ ပွဲချိန် ၇၆ မိနစ်တွင် ခိုင်သဇင်က ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ခဲ့ပြီးနောက် နာကျင်အချိန်ပို ခြောက်မိနစ်တွင် ရှုပါခိုင်က မြဝတီအသင်းအတွက် အနိုင်ဂိုး ထပ်မံ သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအသင်းက YREO အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# တရားသောစစ်ပွဲဆင်နွှဲနေသော ပြည်သူ့တပ်မတော်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

တပ်မတော်သည် စတင်သန္ဓေတည်ချိန်မှစ၍ ခေတ်အဆက်ဆက်တွင် တိုင်းပြည်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကာကွယ်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ တပ်မတော်သည် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပေါ်ပေါက်လာသော ပြည်တွင်းသောင်းကျန်းသူများသည် ရန်ကုန်မြို့ကိုပင် သိမ်းရန် ကြိုးပမ်းလာသဖြင့် သောင်းကျန်းသူတို့ ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသောမြို့များကို ပြန်လည်တိုက်ယူ၍ နိုင်ငံတော်ကို ကာကွယ်ခဲ့ရသည်။

**သမိုင်းသက်သေတည်**

တပ်မတော်သည် ၁၉၄၈-၁၉၄၉ ခုနှစ်ကာလများအတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပါလာသော ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရသည်။ ထို့ပြင် တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုထိပါးလာသည့် ပြည်ပကျူးကျော်သူ တရုတ်ဖြူများကိုလည်း ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ စစ်ဆင်ရေးကြီးများဆင်နွှဲပြီး မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ကာကွယ်ခဲ့ရသည်။ ထို့နောက် တပ်မတော်သည် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ကိုအိမ်စောင့်အစိုးရအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင်လည်း တော်လှန်ရေးကောင်စီကို ဖွဲ့စည်းကာ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။

ထို့ပြင် ၁၉၈၈ ခုနှစ်တွင် ထိတ်လန့်ဖွယ်ကောင်းသည့်အရေးအခင်းများကြောင့် တပ်မတော်သည် စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။ ထို့နောက် ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟူ၍ ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းပြမြေပုံကို ချမှတ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲများကျင်းပပြုလုပ်ပေးခဲ့ပြီး ရွေးကောက်ခံအမတ်များဖြင့် လွှတ်တော်များခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် အရပ်သားများဖြင့် ဖွဲ့စည်းထားသည့် ဒီမိုကရေစီအစိုးရသို့ အာဏာကို ညင်သာချောမွေ့စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။ ထိုစွမ်းဆောင်ချက်များသည် မည်သူမျှငြင်းဆို၍မရသော တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများပင်ဖြစ်သည်။

**မဲမသမာမှုများဖြစ်ပေါ်ခဲ့**

တပ်မတော်အနေဖြင့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် အစိုးရ၊ ပြည်သူတို့နှင့်အတူ တိုင်းကျိုးပြည်ပြုလုပ်ငန်းများစွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် တရားနည်းလမ်းတကျဖြေရှင်းပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများကို တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ကြိုးပမ်းလာခဲ့သဖြင့် တပ်မတော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ကာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးလုပ်ငန်းများတိုးတက်ရေး၊ ရွေးကောက်ပွဲများကျင်းပနိုင်ရေးစသည့်လုပ်ငန်းများကို အဆင့်အလိုက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် "လွတ်လပ်၍တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး"ပင်ဖြစ်သည်။

**❖ တပ်မတော်သည် တိုင်းရင်းသားပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့် ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ တိုင်းပြည်အတွက် အရေးကြုံတိုင်း ရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ကာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သမိုင်းဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။ ထို့ကြောင့် သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးအတွက် တရားသောစစ်ပွဲဆင်နွှဲနေသော ပြည်သူ့တပ်မတော်ကို မျိုးချစ်လူငယ်များ၊ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများနှင့် တိုင်းရင်းသားပြည်သူလူထုများက ဝန်းရံထောက်ခံ အားပေးလျက်ရှိသည်။ ❖**

**အဖျက်အမှောင့်လုပ်ရပ်များ**

သို့သော် CRPH၊ NUG နှင့် PDF အဖွဲ့များသည် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ဟန့်တားနှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်။ အပြစ်မဲ့ပြည်သူများနှင့် ရဟန်း၊ သံဃာများကို သတ်ဖြတ်ခြင်း၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ အစိုးရ ရုံး၊ ဌာနများကို မီးရှို့ဖျက်ဆီးခြင်းအပါအဝင် အဖျက်အမှောင့်လုပ်ငန်းပေါင်းစုံကို လုပ်ဆောင်လျက်ရှိကြသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၇ ရက်ထိ နိုင်ငံတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း၊ သံဃာ ၈၄ ပါးပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ၊ နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦး သေဆုံးခဲ့ရသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ၁၀၉၃၀ တို့ကို ဖျက်ဆီးခံခဲ့ရသည်။

အလားတူ အချို့သော EAO များကလည်း NLD အစွန်းရောက်လူငယ်များကို အကြမ်းဖက်သင်တန်းများပို့ချပြီး လက်နက်တပ်ဆင်ပေးလျက်ရှိသည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ MNDAA၊ KIA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တပ်၊ စခန်းများကို Drone များအသုံးပြု၍ Drop Bomb ချ တိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့သည်။

တိုင်းပြည်ငြိမ်းချမ်းရေးကိုမလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့သည် လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကိုအခြေခံပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ပြုလုပ်လျက်ရှိသည်။ MNDAA၊ TNLA အဖွဲ့များအနေဖြင့် လားရှိုးမြို့တွင် စစ်ရေးနှင့် မသက်ဆိုင်သည့် ကျောင်းများ၊ ဆေးရုံများ၊ လူနေအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများကို ရှော့ခ်တိုက်ဒုံးများဖြင့်ပစ်ခတ်ခြင်းနှင့်Drop Bomb ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ထို့ပြင် TNLA နှင့် PDF အကြမ်းဖက်အဖွဲ့များအနေဖြင့်လည်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်၊ မိုးမိတ်ဒေသတို့တွင်ရှိသည့် နယ်မြေလုံခြုံရေးစခန်းများနှင့် မြို့တချို့အတွင်းသို့ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

**ရုံ့ရှာစက်ဆုပ်နေ**

ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့သဖြင့် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသာမက အသက်အန္တရာယ်ပါ ထိခိုက်ဆုံးရှုံးမှုများစွာရှိခဲ့သည်။ ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအမျိုးမျိုးပြပြီး အေးချမ်းစွာနေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အပေါ် နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လာမှုအပေါ် ပြည်သူလူထုအနေဖြင့် အလွန်ရွံ့ရှာစက်ဆုပ်နေပြီဖြစ်သည်။ အထူးသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှော့ခ်တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များနှင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်ခဲ့သည်။

**တရားသောစစ်ကို ဆင်နွှဲနေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးနှင့်စပ်လျဉ်း၍ "တပ်မတော်သည် ပြည်သူလူထုကပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်ကြောင်း" အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)၌ အခိုင်အမာပြောကြားသွားခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အပေါ် ရည်ရွယ်ချက်ရှိရှိ ထိခိုက်အောင်ဆောင်ရွက်လာသည့် သောင်းကျန်းသူအဖျက်သမားများအပေါ် စုစည်းညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မြန်မာဆိုသောစိတ်တို့မွေးမြူကာ နိုင်ငံတော်ကို စုပေါင်းကာကွယ်သွားရန် လိုအပ်ပေသည်။

**တရားသောစစ်ပွဲဆင်နွှဲနေသော ပြည်သူ့တပ်မတော်**

စင်စစ်အားဖြင့် တပ်မတော်သည် တိုင်းရင်းသားပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့် ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ တိုင်းပြည်အတွက် အရေးကြုံတိုင်း ရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ကာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သမိုင်းဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။ ထို့ကြောင့် သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးအတွက် တရားသောစစ်ပွဲဆင်နွှဲနေသော ပြည်သူ့တပ်မတော်ကို မျိုးချစ်လူငယ်များ၊ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများနှင့် တိုင်းရင်းသားပြည်သူလူထုများက ဝန်းရံထောက်ခံအားပေးလျက်ရှိသည်။

သာဓကအနေဖြင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးပို့လှူဒါန်းလျက်ရှိသည်။ ထို့ပြင် ဝန်ထမ်းမိသားစုများသည် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများနှင့်အတူ "တရားသောစစ်အမြန်ဆုံးအောင်မြင်ပါစေ၊ တပ်မတော်သားများရဲ့အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကိုစောင့်မျှော်လျက် တပ်မတော်သားများကိုချစ်တဲ့ ပြည်သူတွေ အများကြီးရှိနေပါတယ်၊ တပ်မတော်သားများရဲ့အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ၊ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ"စသည့် ဆုတောင်းမေတ္တာစာလွှာများလည်း ထည့်သွင်းပေးပို့လျက်ရှိကြသည်။

ဆိုရလျှင် မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပြည်ထောင်စုဖွား တိုင်းရင်းသားများ တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့သော ပြည်ထောင်စုနိုင်ငံပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့တပ်မတော်သည် ပြည်ထောင်စုကြီး မပြိုကွဲ၊ မပျက်စီးစေရန်၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ မယိုယွင်းမပျက်စီးစေရန် တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲကာ စုစည်းညီညွတ်သော အမျိုးသားရေးစိတ်၊ နိုင်ငံချစ်စိတ်တို့ဖြင့် နိုင်ငံတော်နှင့်ပြည်သူကို အသက်နှင့်ခန္ဓာအပ်နှင်းလျက် အစွမ်းကုန် ကာကွယ်စောင့်ရှောက်သွားမည်မှာ ဧကန်မုချပင်ဖြစ်ပေတော့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဟိုး... ဆရာ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း CANAL+ ZAT LENN Channel မှ ထုတ်လွှင့်မည်



**ရန်ကုန် ဩဂုတ် ၈**

ရွှေမြန်မာရုပ်ရှင်ထုတ်လုပ်ရေးကရိုက်ကူးထုတ်လုပ်သည့် ဟိုး. . . ဆရာ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း CANAL+ ZAT LENN Channel မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က ပြောပြ၍ သိရသည်။

ဟိုး. . . ဆရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွမ်းဝေအောင်က ရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလက မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"အခု ဩဂုတ်လထဲမှာ CANAL+ ZAT LENN Channel ကနေ တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပေးမဲ့ ဟာသဇာတ်မြူး ဇာတ်ကားတစ်ကားပါ။ လူ့လောကမှာတင်မဟုတ်ဘူး ဝိညာဉ်လောကမှာလဲ ဘယ်လောက် ရှုပ်ထွေးသလဲဆိုတာ ဒီဇာတ်ကားမှာ မြင်ရမှာပါ။ ဝါရင့် အကယ်ဒမီ သရုပ်ဆောင်တွေရဲ့ ဇာတ်ကောင်စရိုက်တစ်မျိုးစီကိုမြင်ရမှာပါ"ဟု ဒါရိုက်တာကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ဟိုး. . . ဆရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လွင်မိုး၊ ကျော်ရဲအောင်၊ မြင့်မြတ်၊ အောင်ခိုင်၊ ညီထွဋ်ခေါင်၊ ကင်းကောင်၊ ခင်လှိုင်၊ ဇင်မျိုး၊ ပက်ထရစ်ရှာ၊ ခိုင်သင်းကြည်၊ ဝါဝါအောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ ပွင့် စသည့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Netflix ၏ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၌ ထရာစီလက်နှင့် မော့ဆက်အင်ဂရမ်တို့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၈**

တရားဝင်ဇာတ်ကား နာမည်မသိရသေးသော Netflix ၏ လျှို့ဝှက်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ထရာစီလက်နှင့် မင်းသမီး မော့ဆက်အင်ဂရမ်တို့ ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။

အဆိုပါသရုပ်ဆောင် နှစ်ဦးတို့သည် အထက်ပါရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား အိုက်ဒရစ်အယ်ဘာ၊ မင်းသမီး ရီဘက်ကာဖာဂူဆန်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Netflix ကုမ္ပဏီသည် ထိုရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ကတ်သရင်းဘီဂျီလောက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ဘီဂျေလောအတွက် Detroit (2017) ထိတ်လန့်သည်းဖိုဇာတ်ကားနောက်ပိုင်း ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**





# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် ဩဂုတ် ၈**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်အဖြစ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မှ ညွှန်ကြားရေးမှူး ဦးနန္ဒအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ၂၀၂၄ ခုနှစ် (World Tourism Day) အထိမ်းအမှတ်အဖြစ် ပြုလုပ်မည့် ရောင်စုံ ဓာတ်ပုံပြိုင်ပွဲလည်းဖြစ်ကြောင်း၊ ထိုဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုအလှများကို ဖော်ထုတ်မြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ငြိမ်းချမ်းသာယာလှပသော မြန်မာနိုင်ငံ ရှုခင်းများ၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ တိုင်းရင်းသားမျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာ ပုံရိပ်များကို ပေါ်လွင်ထင်ရှားစေသည့် ဓာတ်ပုံများဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်ကြောင်း သိရသည်။




"၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်အနေနဲ့ ဓာတ်ပုံပြိုင်ပွဲကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဆုရရှိတဲ့ ဓာတ်ပုံဆုရှင်တွေကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက် နေပြည်တော်မှာ ကျင်းပမဲ့ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားမှာ ဆုချီးမြှင့်ပေးမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးနန္ဒအောင်က ပြောပြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ယနေ့မှစ၍ ဩဂုတ် ၂၃ရက်ထိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ရွေးချယ်စိစစ်ကာ ပထမဆု ငွေကျပ် ကိုးသိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေကျပ် ငါးသိန်းနှင့် နှစ်သိမ့်ဆုများအဖြစ် ဆု ၂၀ ရွေးချယ်ကာတစ်ဆုလျှင် ငွေကျပ် ၁ ဒသမ ၅ သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# A Complete Unknown ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဩဂုတ် ၈**

A Complete Unknown အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ရုံတင်ပြသရန် Searchlight Picture ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၆ ရက် သတင်းများအရ သိရသည်။

A Complete Unknown ဇာတ်ကားသည် ကမ္ဘာကျော်အဆိုတော် ဘော့ဒိုင်လန်၏ဘဝကို အခြေခံရိုက်ကူးထားသော ဘဝအတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်က အဆိုတော် ဘော့ဒိုင်လန်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

A Complete Unknown ဇာတ်ကားကို ဒါရိုက်တာဂျိမ်းမင်းဂိုးက တာဝန်ယူရိုက်ကူးပေးထားသည်။

၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့သည့် ဘော့ဒိုင်လန်သည် အမေရိကန် ဂီတလောကကို ပြောင်းလဲပေးနိုင်ခဲ့သည့် အဆိုတော် သီချင်းရေးဆရာဖြစ်ကြောင်း သိရသည်။

A Complete Unknown ဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်နှင့်အတူ အက်ဒွပ်နော်တန်နှင့်မင်းသမီး အယ်လီဖန်းနင်းတို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# R.U.R ဇာတ်ကား၌ မယ်လိုဒီဂျုန်ဆန်နှင့် အန်တိုနီလာပါဂလီယာတို့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၈**

R.U.R အမည်ရှိ သိပ္ပံဆန်းကြယ် ဟာသဇာတ်ကားသစ်တွင် မင်းသမီး မယ်လိုရီဂျုန်ဆန်နှင့် မင်းသား အန်တိုနီလာပါဂလီယာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက် သတင်းများအရ သိရသည်။





R.U.R ဇာတ်ကားတွင် မယ်လိုရီဂျုန်ဆန်နှင့်မင်းသား အန်တိုနီလာပါဂလီယာတို့သည် မင်းသမီး လင်းဆေးဗားရစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

R.U.R ဇာတ်ကားကို ဒါရိုက်တာ အဲလက်ပရောယော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ၁၉၂၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော စာရေးဆရာ ကာရဲကာဗက်၏ Rossum's Universal Robots အမည်ရှိ သိပ္ပံပြဇာတ်ကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

R.U.R ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တော်၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ အဲလက်ပရောယော့သည် မင်းသား ဝီစမစ် ပါဝင်သရုပ်ဆောင်ထားသည့်I, Robot(2004) ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing receives H.E. Mr. Deng Xijun, Special Envoy for Asian Affairs of Ministry of Foreign Affairs of China


Senior General Min Aung Hlaing receives H.E. Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of China.

**Nay Pyi Taw August 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received H.E. Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of China, at the parlour of his office here this afternoon.

Present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, Deputy Prime Minister Union Minister for Foreign Affair U Than Swe and officials. The special envoy was accompanied by the delegation members.

At the call, cordial discussions were centred on friendship and diplomatic relations between the two countries, Myanmar's internal peace, peace and stability in border areas, cooperative undertakings of the two countries to eliminate online gambling, online frauds, other types of financial frauds and illegal businesses, SAC's implementation of the adopted objectives and roadmap for national peace, stability and development, and preparations to hold a free and fair multiparty general election. 100

# Myaung Township farmers cultivate 445 acres of rani-fed sunflowers

**Myaung August 8**

A total of 445 acres of sunflowers have been planted in Myaung Township, Sagaing District in this year rain crops planting season, according to statistics from Department of Agriculture for Sagaing District.

During the 2024-2025 rain crops planting season, 529 acres of sunflowers have been earmarked to plant in Myaung Township and 445 acres have been planted since June this year.

"In order to reduce the import of palm oil from abroad, the cultivation of sunflower, which is an oilseed crop, has been expanded. Sunflower produces more oil per acre than other peanut and sesame seeds. Sunflowers are mostly planted in winter," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

In Myaung Township, the Township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation and training courses are being conducted at a high speed for the employees and the farmers who will grow sunflowers to improve their performance.

206


A sunflower plantation.

# Sagaing Township farmers cultivate 48,189 acres of rain-fed beans and pulses

**Sagaing August 8**

A total of 48,189 acres of beans and pulses have been planted in Sagaing Township, Sagaing District, Sagaing Region in this year rain crops planting season, according to the Department of Agriculture for Sagaing Township.

During the 2024-2025 rain crop planting season, 82,420 acres of beans and pulses have been earmarked to plant in Sagaing Township and 48,189 acres have been planted since May this year.

"We are working to ensure that the designated acres are fully planted. Regarding cultivation, there is education to expand cultivation and to use good varieties for good yield," said U Zaw Oo, head of the Department of Agriculture for Sagaing Township.

During this year rain crops planting season, in the planting of various beans and pulses, they are cooperating with the farmers to provide good and pure varieties, inputs and technology after the harvesting time, which are needed to improve the yield and quality of beans and pulses.

206


A bean plantation.

# Pwintbyu Township successfully harvests 1,801 acres of mung beans this monsoon season

**Pwintbyu August 8**

In Pwintbyu Township, Magway Region, the Department of Agriculture reports that the harvest of 1,801 acres of mung beans planted this year during the monsoon season has been completed.

Local farmers in Pwintbyu Township annually rely on crops such as mung beans, pigeon peas, chickpeas, and various other legumes to ensure local food security and increase crop revenue.

This year, the plan was to cultivate mung beans on 6,283 acres, and 2,563 acres have been successfully planted due to favorable conditions. The crops are thriving as a result.

"The mung bean fields planted early in the monsoon season in Pwintbyu Township have reached the harvest period. Farmers started harvesting in the fourth week of June. To date, 1,801 acres of mung beans have been harvested, with a yield of 19.35 baskets per acre. We are assisting local farmers with proper harvesting techniques to avoid yield loss," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

This year, the township's Agriculture Department has been assisting local farmers with selecting high-quality seeds, implementing proper cultivation techniques, preventing pests and diseases, and using natural fertilizers and pesticides to improve crop yields.

Ye Win Naing (NyaungU)

# Farmers plant more than 6,000 acres of monsoon paddy in Bamauk Township


A monsoon paddy plantation.

**Bamauk August 8**

Statistics of Katha District Agriculture Department stated that a total of 6,053 acres of monsoon paddy has been planted in Bamauk Township of Sagaing Region this monsoon.

In 2024-25 monsoon, Bamauk Township earmarked 38,857 acres of monsoon paddy, and local farmers planted 6,053 acres of monsoon paddy against the target.

"Local farmers have grown more than 6,000 acres of monsoon paddy against the target of 38,857 acres of monsoon paddy in Bamauk Township. We help local farmers for meeting the target cultivation with agricultural techniques, prevention of pests and keeping harvested paddy under shelters," said U Myint Soe, Head of Katha District Agriculture Department.

In 2023-24 cultivation season, Bamauk Township could grow monsoon paddy 38,857 acres of target cultivation.

This year, officials of Township Agriculture Department and local farmers cooperate with each other in growing monsoon paddy.

Local farmers started nurturing of paddy saplings in the fourth week of June and are planting them till September. Local farmers prefer to grow HsinEkari-3, Ayeyamin, Lonthwehmwe, and domestic paddy strains.

This year, officials of Township Agriculture Department train local farmers to make natural fertilizers and agricultural techniques. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 700 acres of chilli planted in Naga region

**Nanyun August 8**

Statistics of Sagaing Region Agriculture Department stated that a total of 768 acres of chilli has been grown in Naga Self-Administered Zone of Sagaing Region this monsoon.

In 2024-25 monsoon, local farmers cultivated 768 acres of chilli exceeding the target of 756 acres in Naga Self-Administered Zone.

Dr Tin Mar Mar Oo, Assistant Director of Sagaing Region Agriculture Department said, "Local farmers could grow 768 acres of chilli exceeding the target cultivation this year. Our department helps them grow chilli on a commercial scale."

This year, Leshi Township planted 147 acres of chilli, Summara three acres, Lahe Township 150 acres, Thangpakhwi 28 acres, Nanyun Township 171 acres, Donhee 182 acres and Pansawng 89 acres, totalling 768 acres.

With regard to planned sown acreage in the region, Leshi Township earmarked 148 acres of chilli, Summara five acres, Lahe Township 143 acres, Thangpakhwi 28 acres, Nanyun Township 171 acres, Donhee 172 acres and Pansawng 89 acres, totalling 756 acres.

Staff of the relevant agriculture departments help local farmers prevent pests and improve soil nutrition for boosting per-acre yield of chilli and fetching good prices in the market.

In growing chilli, farmers need to cost K1.5 million per acre of chilli on own cropland and K2.5 million on the rented land. Chilli must be plunked once every 15 days for six months. The crop can yield 100 viss per acre in first batch and some 500 viss per batch. 206

# Katha District finishes cultivation of monsoon sesame on more than 300 acres of cropland

**Katha August 8**

Katha District Agriculture Department stated that a total of 314 monsoon sesame has been planted in Katha District of Sagaing Region this monsoon.

In 2024-25 monsoon cultivation season, Katha District planned to grow 582 acres of monsoon sesame but local farmers from Indaw Township cultivated 50 acres, Htigyaing Township 180 acres and Bamauk Township 84 acres, totalling 314 acres.

U Myint Soe, Head of Katha District Agriculture Department said: "We scheduled to grow 582 acres of monsoon sesame this monsoon but local farmers have planted 314 acres so far. They are trying hard to meet the target cultivation. Our department helps them grow quality strains of crops and use GAP system for boosting production."

This year, Katha Township earmarked cultivation of 109 aces of monsoon sesame, Indaw Township 120 acres, Htigyaing Township 260 acres and Bamauk Township 93 acres, totalling 582 acres.

Agricultural officials educated local farmers to expand the sown acreage of sesame and use GAP system and quality strains of crops. 206

# Hostilities, continuing displacements challenge Gazans' access to aid: UN


A worker unloads medical aid delivered by the World Health Organization (WHO) at Nasser Hospital in the southern Gaza Strip city of Khan Younis, on Aug. 7, 2024.

**New York August 8**

A seemingly endless cycle of violence-induced displacement is making it increasingly difficult for Gazans to access the assistance they need, UN humanitarians said on Wednesday.

The UN Office for the Coordination of Humanitarian Affairs (OCHA) said that relentless hostilities and recurring evacuation orders force displacement.

"When malnourished children in Gaza have to flee suddenly, it is extremely challenging for humanitarian partners to monitor and follow up with the necessary services and for displaced families to carry the malnutrition prevention and treatment supplies they need," OCHA said.

The office said repeated displacements, insecurity, access constraints and other challenges hamper the early detection of children and women needing nutrition services and constrain humanitarian partners' ability to scale up their operational presence and store life-saving supplies. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားတပ်ဖွဲ့များက ယူကရိန်း၏ BK-30F ပဲ့ထိန်းဗုံးတပ်ဆင်ထားသော Baba Yaga ဒရုန်းတစ်စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့




ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ပေါက်ကွဲအားပြင်းBK-30F ပဲ့ထိန်းဗုံးတစ်လုံးတပ်ဆင်ထားသော Baba Yaga တိုက်ခိုက်ရေးဒရုန်း တစ်စင်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ Baba Yaga တိုက်ခိုက်ရေးဒရုန်းသည် ယူကရိန်း၏ အဆင့်မြင့်လက်နက်အမျိုးအစားများထဲက တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိခဲ့သော Baba Yaga ဒရုန်း၏ ဓာတ်ပုံများကို ရုရှားနိုင်ငံ တယ်လီဂရမ်ချန်နယ်များတွင် ထွက်ပေါ်လာခဲ့သည်။ ၎င်းတွင် Electro-Optical အာရုံခံကိရိယာများ အပါအဝင် အခြားအာရုံခံစနစ်များတပ်ဆင်ထားနိုင်ဖွယ်ရှိသည်။ လေဆာလမ်းညွှန်ထိန်းကျောင်းမှုအတွက် Seeker Head နှင့် အင်တင်နာတိုင်များတပ်ဆင်ထားသည်ကို တွေ့ရသည်။ BK-30Fပဲ့ထိန်းဗုံးကို ဒရုန်းကိုယ်ထည်အလယ်တွင် ချိတ်ဆွဲတပ်ဆင်ထားသည်။

BK-30F သည် ခြေလျင်တပ်တည်နေရာများ၊ အပေါ့စားတင့်ကားများ၊ သံချပ်ကာယာဉ်များကို ထိရောက်စွာတိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသော ဝေဟင်မှပစ်လွှတ်ကြဲချနိုင်သည့် ပဲ့ထိန်းဗုံး အမျိုးအစားဖြစ်သည်။ ရန်သူ့တပ်ဖွဲ့ဝင်များနှင့် အပေါ့စားတင့်ကားများ၊ သံချပ်ကာယာဉ်များကို အဖျက်စွမ်းအားပြင်းပြင်းနှင့် ထိရောက်စွာတိုက်ခိုက်နိုင်စေရန် Hi-ghly Explosive Fragmentation Warhead (HE-Frag) ထိပ်ဖူးတပ်ဆင်အသုံးပြုထားသည်။ အခိုင်အမာဘန်ကာ ခံစစ်စခန်းများ၊ တင့်ကားများ၊ သံချပ်ကာယာဉ်များကို ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိသော လေဆာလမ်းညွှန်တင့်ဖျက်ဒုံးကျည်မှ ဆင့်ကဲတိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် ပဲ့ထိန်းဗုံးလည်းဖြစ်သည်။

ထိုကဲ့သို့သော အဖျက်စွမ်းအားပြင်းဗုံးများနှင့် Baba Yaga ဒရုန်းကိုတွဲဖက်၍ တိုက်ခိုက်ရေး ရည်မှန်းချက်များအတွက် အသုံးပြုထားခြင်းလည်းဖြစ်သည်။ Baba Yaga ဒရုန်းများသည် လယ်ယာလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာရည်ရွယ်ချက်များအတွက် အသုံးပြုလေ့ရှိသော စက်မှုလုပ်ငန်းသုံး ပန်ကာလေးလက်တပ် ဒရုန်းများဖြစ်သည်။ Baba Yaga သည် တစ်စင်းလျှင် အမေရိကန်ဒေါ်လာ သောင်းနှင့်ချီကုန်ကျပြီး ကီလိုမီတာပေါင်းများစွာ ကျော်လွန်ပျံသန်းနိုင်ကာ သိသာထင်ရှားသော Payload တင်ဆောင်နိုင်စွမ်းများလည်း ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ဒရုန်းများတွင် အဖျက်စွမ်းအားတိုးမြှင့်တပ်ဆင်ပေးရန် အရေးကြီးသကဲ့သို့ ၎င်းတို့၏ ရှင်သန်ရပ်တည်နိုင်စွမ်းကို မြှင့်တင်ရန်မှာလည်း ထပ်တူအရေးကြီးသည်။

Baba Yaga ဒရုန်းသည် ယူကရိန်း၏ အခြားဒရုန်းများကဲ့သို့ပင် ကင်းထောက်တာဝန်များနှင့်တိကျသော တိုက်ခိုက်မှုများလုပ်ဆောင်ရန် မောင်းသူမဲ့စနစ်များကိုအသုံးပြုနေသည့် ၎င်းတို့၏ပဋိပက္ခအတွက် မရှိမဖြစ်လိုအပ်သည်။ ဤဒရုန်းများသည် စစ်မြေပြင်တွင် အချိန်ကြာမြင့်စွာ ပျံဝဲနေနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေးသတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရုံမျှမက တိုက်ခိုက်ရေးရည်မှန်းချက်တာဝန်များကိုလည်း တိကျစွာထမ်းဆောင်နိုင်စွမ်းရှိသည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် ရုရှားကို အင်အားချင်းမယှဉ်နိုင်သော ယူကရိန်းသည် ဒရုန်းနည်းပညာကို လျင်မြန်စွာတိုးတက်လုပ်ဆောင်နေသည်ကို တွေ့မြင်ရသည်။ မကြာသေးမီက HE-Frag ထိပ်ဖူးများအပါအဝင် ခဲယမ်းမျိုးစုံတပ်ဆင်ထားသော 830 FPV ဒရုန်းများကို ယူကရိန်းတပ်ဖွဲ့များသို့ Come Back Alive ဖောင်ဒေးရှင်းအဖွဲ့က ပံ့ပိုးပေးခဲ့သည်။ ဤဒရုန်းများသည် ရန်သူ့ခြေလျင်တပ်ဖွဲ့လှုပ်ရှားမှုများကို နှောင့်ယှက်ရန်နှင့် တာဝေးပစ်ပစ်မှတ်များကို ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားပြီး ယူကရိန်းတပ်မတော်၏ နည်းဗျူဟာမြောက် စွမ်းရည်များကို မြှင့်တင်ပေးလျက်ရှိသည်။

**Russia Intercepts a BK-30F Guided Bomb Mounted on a Ukrainian Baba Yaga Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## ဘူလ်ဂေးရီးယားက ဂျာမနီထံမှ IRIS-T လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူရန် ကြိုးပမ်းနေ

ဘူလ်ဂေးရီးယားနိုင်ငံသည် ဂျာမနီထံမှ IRIS-T လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို ဝယ်ယူဖြည့်တင်းခြင်းဖြင့် နိုင်ငံ၏လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အားကောင်းစေရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

IRIS-T SLM စနစ်သည် ဂျာမနီနိုင်ငံ အခြေစိုက် Diehl Defense ကုမ္ပဏီက ဒီဇိုင်းထုတ်လုပ်ထားသော IRIS-T SL လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်၏ တာလတ်ပစ်အမျိုးအစားလည်းဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် စတင်တီထွင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စမ်းသပ်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စတင်တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။ ၎င်းသည် လေယာဉ်၊ ရဟတ်ယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းလက်နက်များကို ၃၆၀ ဒီဂရီပတ်လည် လွှမ်းခြုံကာကွယ်နိုင်ရုံမျှမက တာတိုမှတာလတ်ပစ်အကွာအဝေးအတွင်း ပစ်မှတ်များစွာကို တစ်ပြိုင်နက်တည်း အချိန်တိုအတွင်း လျင်မြန်သောတုံ့ပြန်မှုဖြင့် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဘက်စုံသုံးရေဒါစနစ်များကို IRIS-T SLM တွင် ပေါင်းစည်းအသုံးပြုနိုင်ပြီး မြေပြင်အခြေစိုက်နှင့်ယာဉ်တင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်သည်။

လက်နက်စနစ်တွင် IRIS-T ဝေဟင်မှဝေဟင်ပစ် ပဲ့ထိန်းဒုံးကျည်ကိုအသုံးပြုထားပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ဂျာမနီလေတပ်၌ စတင်အသုံးပြုခဲ့သည့်ဒုံးကျည်အမျိုးအစားလည်းဖြစ်သည်။ IRIS-T SLM ဒုံးကျည်တွင် ပုံရိပ်ကြည်လင်ပြတ်သားမှုမြင့်မားသော အနီအောက်ရောင်ခြည်အာရုံခံစနစ်၊ အဆင့်မြင့်ပုံရိပ်ဖော်စနစ်၊ လှုပ်ရှားစစ်ကစားပျံသန်းနိုင်မှုများအတွက် Thrust Vector Control နည်းပညာတို့အသုံးပြုထားသည်။

ဒုံးကျည်သည် အမြင့်ဆုံးအကွာအဝေး ကီလိုမီတာ ၄၀၊ အမြင့် ကီလိုမီတာ ၂၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိပြီး လေယာဉ်၊ ရဟတ်ယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များနှင့် ဒရုန်းများအပါအဝင် ပစ်မှတ်အများအပြားကိုကြားဖြတ်ဟန့်တားနိုင်သည်။ ဒုံးပစ်လောင်ချာယာဉ်၊ ရေဒါနှင့် အမိန့်ပေးထိန်းချုပ်ရေးယာဉ်တို့အပါအဝင် လက်နက်စနစ်၏အစိတ်အပိုင်းများကို MAN ထရပ်ကားတစ်စီးတည်းပေါ်၌ တင်ဆောင်ထားသည့်အတွက် အမျိုးမျိုးသောမြေမျက်နှာသွင်ပြင်များတွင် လှုပ်ရှားစစ်ကစားမှုမြင့်မားစွာတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။



နောက်ထပ်ဝယ်ယူရန် ရွေးချယ်ထားသော IRIS-T SLX လက်နက်စနစ်သည် Diehl Defense ကုမ္ပဏီထုတ်တာဝေးပစ်ဗားရှင်းဖြစ်သည်။ ၎င်းသည် IRIS-T SLM ထက် အကွာအဝေးစွမ်းဆောင်ရည်ပိုမိုမြင့်မားစွာဖြင့် ဝေဟင်ခြိမ်းခြောက်မှုများကိုအကာအကွယ်ပေးနိုင်သည်။ IRIS-T SLX စနစ်သည် တိုက်ပွဲဝင်နိုင်မှုစွမ်းရည်ကိုတိုးချဲ့ရန်အတွက် အဆင့်မြင့်နည်းပညာများကို ပေါင်းစပ်ထားပြီး အကွာအဝေးကီလိုမီတာ ၈၀ နှင့် ပိုမိုမြင့်မားစွာပျံသန်းဝင်ရောက်လာနိုင်သော ပစ်မှတ်များကို ကြားဖြတ်ဟန့်တားနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ IRIS-T SLM ကဲ့သို့ပင် SLX လက်နက်စနစ်ကို ဘက်စုံသုံးရေဒါစနစ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်ပြီး ခေတ်မီအမိန့်ပေးထိန်းချုပ်ရေးယာဉ်ပေါ်မှ အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်တိုက်ပွဲဝင်နိုင်သည်။

ဘူလ်ဂေးရီးယားသည် စုစုပေါင်း ကုန်ကျစရိတ် ယူရို ၁၈၂၁၁၄၃၁၁ ဖြင့် IRIS-T SLM စနစ်တပ်ခွဲတစ်ခွဲ ဝယ်ယူရန် ကြိုးပမ်းနေကြောင်း ကြေညာခဲ့သည်။ ထို့ပြင် နောက်ထပ် IRIS-T SLM စနစ်တပ်ခွဲ ငါးခွဲစာထိဝယ်ယူမှုနှင့် IRIS-T SLX တာဝေးပစ်စနစ် တပ်ခွဲတစ်ခွဲဝယ်ယူ အင်အားဖြည့်တင်းနိုင်ရေး နည်းလမ်းများကို နိုင်ငံကာကွယ်ရေးအသုံးစရိတ်ပေါ်မူတည်၍ ခွဲဝေသုံးစွဲလုပ်ဆောင်မည်ဖြစ်ရာ လာမည့် ၂၀၃၁ ခုနှစ်ထိ ကုန်ကျမည့်စျေးနှုန်းအသေးစိတ်များတွက်ချက်ပြီး ထည့်သွင်း စဉ်းစားနေခြင်းလည်းဖြစ်သည်။

**Bulgaria Seeks to Acquire IRIS-T Missile Systems from Germany ကိုဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၇၃၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၇၃၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၂၃၀၈၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၃၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲမျိုးစုံ ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက ၁၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲနိုင်ဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၂၀၅ ဧက၊ ပဲတီစိမ်း ဧက ၉၇၀၀၊ ပဲစင်းငုံ ၇၄၂၆ ဧက စုစုပေါင်း ၁၇၃၃၁ ဧကဖြစ်ပြီး လျာထားမှုအနေဖြင့် မတ်ပဲ ၁၁၁၅ ဧက၊ ပဲတီစိမ်း ဧက ၁၁၈၅၀၊ ထောပတ်ပဲ ၁၃၁၆ ဧက၊ စွန်တာပြာ ၁၈၃၄ ဧက၊ ပဲစင်းငုံ ၆၉၆၈ ဧက စုစုပေါင်း ၂၃၀၈၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲအထွက်နှုန်းနှင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးထံမှ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဇွန်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၆၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်ထိတစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဖျာပုံဒေသထွက် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ အခုလက်ရှိ ဩဂုတ်လထဲမှာပါ မျှင်ငါးပိတွေဝယ်ယူမှုများနေပါတယ်။ အခုလိုမျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသခံရေလုပ်သားများက ပင်လယ်ပြင်ကရရှိသော မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဟသ်ာတမြို့နယ် ဒေါ့ပတုပ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟသ်ာတ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဒေါ့ပတုပ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဥပဒေ၊နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဒေါ့ပတုပ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၉၀ ကို ငွေကျပ် ၂၆၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၃၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၈-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များနှင့် အခမ်းအနားတက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ **ကျောဖုံးမှအဆက်**

ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်၂၁ အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက်အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်နှင့် ဒေါက်တာဘရွှေတို့က အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းအားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီဝင် ဒေါက်တာမှုထန်က စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ကောင်စီဝင် ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းမှ အားကစားသမားများက ဇူလိုင် ၂၃ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၈**

(၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ National Convention Center တွင်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။





အခမ်းအနားတွင် အာဆီယံကျန်းမာရေးကဏ္ဍအလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Bounfeng Phoummalaysith နှင့် အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားအပြီးတွင် အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ကင်းစင်စေရန်ရည်ရွယ်၍ အရှေ့တောင်အာရှဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးမိတ်ဖက်အဖွဲ့(South East Asia Tobacco Control Alliance)နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award)ဆုပေးပွဲကိုကျင်းပရာ မြန်မာနိုင်ငံက ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိသည့် အနက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award)အတွက် ကြေးတံဆိပ်ဆုကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. BounfengPhoummalaysith က ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(မကူးစက်) နှင့် ပုဂံညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ဆုလက်ခံရယူကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် အာဆီယံကျန်းမာရေးဝန်ကြီးများသည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ သံတမန်များနှင့်အတူ (၅၇)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက်(၁၆) ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို "ကပ်ရောဂါအလွန် ကျန်းမာရေးစောင့်ရှောက်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် အားကောင်းခိုင်မာသော ကျန်းမာရေးစနစ်ဖြစ်ပေါ်ရေး"ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆွေးနွေးပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးခေါင်းစဉ်သည် လက်ရှိကာလဖြစ်ပွားလျက်ရှိသော ကျန်းမာရေးပြဿနာ အခြေအနေများနှင့် သင့်လျော်ကိုက်ညီမှုရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် အာဆီယံဒေသတွင်း အပါအဝင် ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

ကူးစက်ရောဂါများသည် နယ်မြေကန့်သတ်ချက်မရှိသဖြင့် အာဆီယံဒေသတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံ အချင်းချင်းအသိပညာမျှဝေမှု၊ ကောင်းမွန်သော အတွေ့အကြုံများဖလှယ်ခြင်း၊ ပူးတွဲသုတေသနဆောင်ရွက်မှုများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို လက်တွဲညီစွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ဒေသတွင်းရှိ ပြည်သူလူထုအားလုံးအတွက် ပိုမိုကျန်းမာ၍ ပိုမိုကောင်းမွန်သော အနာဂတ်ရရှိစေရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၇ ရက်နှင့် ယနေ့တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်းတစ်ရာနှင့် ငွေကျပ်သိန်းခြောက်ဆယ်ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်နှစ်သိန်းနှင့် ငွေကျပ် ငါးဆယ့်ခုနစ်သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဝန်ထမ်းမိသားစုများက ငွေကျပ် လေးဆယ့်ခုနစ်သိန်းခြောက်သောင်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်းတစ်ရာနှင့် ငွေကျပ်သိန်းငါးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၉) ကျောင်းဆင်းအရာရှိ မိသားစုများက




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုငွေနှင့်စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုငွေနှင့်စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၉) ကျောင်းဆင်းအရာရှိမိသားစုများက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

ငွေကျပ်ကိုးဆယ့်ကိုးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မြန်မာ-ထိုင်း-စင်ကာပူ-အမေရိကန်ရောက် အမျိုးသားရေးညီအစ်ကိုများက ငွေကျပ် ခုနစ်ဆယ့်တစ်သိန်းကိုလည်းကောင်း၊ ဘုန်းစံကျော်အောင်ဆောက်လုပ်ရေးကုမ္ပဏီ မိသားစုများက ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးကဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရွပ်ရွပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၈**

၂၀၂၄ ခုနှစ်အတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေအထောက်အပံ့ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင်၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပစာကြည့်တိုက်ပညာရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဲက ယခုဆွေးနွေးပွဲသည် မိမိတို့၏လုပ်ငန်းများအတွက် စိတ်ကူးသစ်များနှင့် တန်ဖိုးရှိသောရလဒ်များကို စာပေပစ္စည်းထိန်းသိမ်းရေး ဆောင်ရွက်နေကြသူများသာမက မော်ကွန်းထိန်းသိမ်းရေး ဆောင်ရွက်နေသူများကိုပါ အထောက်အပံ့ကောင်းများ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုရရှိလာသည့် အခွင့်အရေးကို အသုံးချပြီး မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များကို မျှဝေပေးရန်လိုအပ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရလဒ်ကောင်းများကို ဦးတည်သည့် အတွေးအမြင်များနှင့် အတွေ့အကြုံသစ်များကိုဖလှယ်ကြရန် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအားလုံးကို တိုက်တွန်းလိုပါကြောင်း၊ ယခုဆွေးနွေးပွဲကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရလဒ်ကောင်းများရရှိစေမည့် ချိတ်ဆက်ဆွေးနွေးမှုများကိုရရှိရန် မျှော်လင့်မိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို Pyay Room ၌ကျင်းပပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက တစ်နိုင်ငံလျှင် စာတမ်းတစ်စောင်စီ ဖတ်ကြားဆွေးနွေးကြရာ နိုင်ငံတကာပညာရှင် ထိုင်းနိုင်ငံရှိ SEAMEO SPAFA မှ Senior Researcher ဒေါ်ဥမ္မာမျိုးနှင့် ပြည်တွင်းစာကြည့်တိုက်ပညာရှင် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရှိုးရာဓလေ့ဌာန ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါက်တာခင်လေးစိုးတို့က စာတမ်းဖတ်ကြားခဲ့ကြပြီး အဆိုပါစာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသော စာတမ်းရှင်များနှင့် ကိုယ်စားလှယ်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဩဂုတ် ၉ ရက်တွင် အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်နှင့် ရွှေတိဂုံဘုရားတို့သို့ လေ့လာရေးသွားရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် အများပြည်သူလေ့လာနိုင်ရန် ရှားပါးပရဆေးပင်များ စိုက်ပျိုးပြသ



**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ညနေပိုင်းက နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆေးဖက်ဝင်ပရဆေးပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ငှက်ဖျားရောဂါ၊ အဆုတ်(တီဘီ)ရောဂါ စသည့်မြန်မာနိုင်ငံ၌ အဖြစ်များသော ရောဂါကြီး ခြောက်မျိုးနှင့်သက်ဆိုင်သော ပရဆေးပင်များကို အဓိကစိုက်ပျိုးပြသထားမှုနှင့် မိမိတို့ဝန်ကြီးဌာနက ငှက်ဖျားနှင့် အဆုတ်(တီဘီ)ရောဂါကြီးနှစ်မျိုးနှင့်သက်ဆိုင်သော ပရဆေးပင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရှားပါးပရဆေးပင်များ စိုက်ပျိုးပြသထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနက တာဝန်ယူစိုက်ပျိုးပြသထားသည့် ပရဆေးပင်များကို စိုက်ကွက်၊ပြကွက်တစ်ခုချင်းအလိုက် သတ်မှတ်ထားသော အမျိုးအစားများကို အဆင့်မီစိုက်ပျိုးပြသနိုင်ရေး ပြုပြင်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးပညာတတ်ကျွမ်းသူများက စီမံဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်စိုက်ခင်းများ၊ ပြကွက်များဖြစ်အောင် စီမံသွားရန်၊ တိုင်းရင်းဆေးဝါးပင်နှင့်ပတ်သက်သော ဗဟုသုတများကို တစ်နေရာတည်းတွင် ပြည်သူများ စုံစုံလင်လင်လေ့လာနိုင်ကြစေရန်နှင့် ရာသီအလိုက် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပင်များကို သတိပြုနိုင်အောင် စိုက်ပျိုးပြသခြင်းအပြင် ငှက်ဖျားနှင့် အဆုတ်(တီဘီ)ရောဂါများနှင့်ဆိုင်သော ပရဆေးပင်တစ်မျိုးချင်း၏ သိမှတ်ဖွယ်ရာများပါ စုဆောင်းဖော်ပြသည့် လက်ကမ်းစာစောင်များ ထုတ်ဝေရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပရဆေးဥယျာဉ်အတွင်း ဝန်ကြီးဌာနက စိုက်ပျိုးပြသထားသည့် ငှက်ဖျားရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ အဆုတ်(တီဘီ)ရောဂါပျောက် တိုင်းရင်းပရဆေးပင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စုဆောင်းထားရှိသော ပရဆေးပင်များ၊ ဆေးဖက်ဝင်သစ်ခွနှင့် ဂမုန်းပင်များ၊ ရာသီစာသီးနှံပင်များ၊ နှစ်ရှည်ပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စပါး-ငါး ပေါင်းစပ်မွေးမြူခြင်းမှရရှိသည့် ဂေဟဗေဒဝန်ဆောင်မှုတန်ဖိုးအပေါ် လေ့လာမှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၈**

စပါး-ငါး ပေါင်းစပ်မွေးမြူခြင်းမှရရှိသည့် ဂေဟဗေဒဝန်ဆောင်မှုတန်ဖိုးအပေါ် လေ့လာမှုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းမှာ မိရိုးဖလာနည်းတစ်ခုဖြစ်ပြီး တောင်သူမိသားစု အပိုဝင်ငွေရရှိစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် ဆောင်ရွက်လေ့ရှိကြောင်း၊ မျက်မှောက်ကာလတွင် အာရှတိုင်းပြည်များ၌ စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းကို အကျိုးအမြတ်ရရှိစေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိကြကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၌ စာတမ်းရှင်၏ သုတေသနပြုလေ့လာခဲ့မှုကို ဝိုင်းဝန်းဆွေးနွေးသုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် စပါး-ငါး ပေါင်းစပ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပေါ် အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဦးစီးမှူး ဒေါက်တာအာကာမျိုးက လုပ်ငန်းဆောင်ရွက်မှုကို ဖတ်ကြားတင်ပြသည်။

ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာအာကာမျိုး၏ ပါရဂူဘွဲ့စာတမ်းဖြစ်သော စပါး-ငါး ပေါင်းစပ်မွေးမြူခြင်းမှရရှိသည့် ဂေဟဗေဒဝန်ဆောင်မှုတန်ဖိုးအပေါ် လေ့လာမှုစာတမ်းကို ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ဘာသာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များကို ဖိတ်ခေါ်၍ အသိပညာဗဟုသုတများ ဖလှယ်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးကျော်ထွေးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၄ ရက် နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၄ ရက်အတွင်း ပြန်လည်တင်သွင်းရန် သတ်မှတ်ထားရှိခဲ့သည်။ ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်း အမည်စာရင်းကို သီးသန့်ထပ်မံကြေညာသွားမည်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က)နှင့် (ခ)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက် - ၁၀-၉-၂၀၂၄ (အင်္ဂါနေ့)

(ခ) နေရာ - အမှတ်(၂၂၈) သိမ်ဖြူလမ်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ် စုဝေးခန်းမ ဗိုလ်တထောင်မြို့နယ်။

(ဂ) အချိန် - နံနက် ၁၀ နာရီ။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

# ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနား ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၈**

အကြိမ် (၃၀)မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုဆုရရှိသူများစာရင်းကို ဇွန် ၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါဆုရရှိသူများအား ချီးမြှင့်မည့်အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ ဆုချီးမြှင့်ခံရသူများကို အခမ်းအနားတက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁- ၈၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များအသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော်အဖွင့် အဌကထာကျမ်း စာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊စာသားနှင့်စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထားသန့်ရှင်းသပ်ရပ်မှု ရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ နှစ်အုပ်၊ ပုံနှိပ်ဆဲမှာ ခြောက်အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ခြောက်အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာအုပ်ရေ ၂၀ ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀(ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာန ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဖုန်း- ၀၂၄၀၆၁၁၂၊ ၀၉ ၄၂၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး) မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**




## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

**၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကိုရရှိခံစားကြရမည်ဖြစ်ပါသည်။ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းက သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း**

# ASEAN Sports Day 2024 အထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ







**နေပြည်တော် ဩဂုတ် ၈**

ASEAN Sports Day အထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် အပြေးအားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)နှင့်လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)မှ အားကစားသမားများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပြေးလမ်းအတိုင်း စုပေါင်းလမ်းလျှောက်၍ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြေးခုန်ပစ်အပြေးအားကစားပြိုင်ပွဲများအဖြစ် အမျိုးသား၊ အမျိုးသမီး (မီတာ ၁၀၀ ပြိုင်ပွဲ၊မီတာ ၄၀၀ ပြိုင်ပွဲ၊မီတာ ၈၀၀ ပြိုင်ပွဲ၊ မီတာ ၁၀၀ × ၄ လက်ဆင့်ကမ်း) ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပါဝင်ဆင်နွှဲခဲ့သူများကို အဆာပြေအအေးနှင့် မုန့်များပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# "မိုးစက်များ''တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့်စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင်“မိုးစက်များ”တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင် ရသ၊ ရုပ်ရှင်သရုပ်ဆောင် နေဒွေး၊ တေးသံရှင် စောဒယ်နီရယ်နှင့် ရုပ်ရှင်သရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ တေးသံရှင်များဖြစ်ကြသည့် ဈာန်ထူး၊ မေထူးကျော်၊ ချိုမီမီဇော်၊ ချစ်စုစံ၊ တုန်တုန်နှင့် ခင်ဘုဏ်းမြတ်သာတို့က မိုးသည်းထဲမှအချစ်၊ အလွမ်းဖြစ်ရပ်များ၊ ခန့်မှန်းရခက်သည့်မိုးနှင့် မိုးရာသီပုံရိပ်များကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်းလွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၁ ရက် တနင်္ဂနွေနေ့နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ**

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်



**ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။


## စစ်တောင်းမြစ်ရေနှင့် သံလွင်မြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (စင်တီမီတာ ၁၀၇၀)အထက်သို့ သုံးပေခန့် (၈၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (စင်တီမီတာ ၇၅၀) အထက်သို့ သုံးပေကျော် (၉၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သတင်းရရှိသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်ကားဈေးနှုန်းများ

၉-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၀၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၁၁ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


**နေပြည်တော် ဩဂုတ် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ငါးပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်ရွာကို စစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူ ခုနစ်ဦး သေဆုံးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ




**နေပြည်တော် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်ရွာကို ဩဂုတ် ၆ ရက် ညပိုင်းတွင် စစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူ ခုနစ်ဦးသေဆုံးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး (Counter Terrorism Operation)ကို ဆောင်ရွက်နေသည့်ကာလတွင် ဒေသခံပြည်သူလူထု၏ သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် နေရာကိုသာ တိုက်ခိုက်ခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်ကို ပြည်သူများအသိပင်ဖြစ်ပြီး ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများသေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက နိုင်ငံတကာမှ တပ်မတော်အပေါ် သတင်းအမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို ဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြင်ဦးလွင်မြို့နယ်ကို အကြမ်းဖက်သမားများက မကြာမီတိုက်ခိုက်မည်ဆိုသော သတင်းများကြောင့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ မိသားစုဝင်များ ပြောင်းရွှေ့နေကြောင်း ကောလာဟလသတင်းများ ရေးသားဖြန့်ဝေ




**နေပြည်တော် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ကို အကြမ်းဖက်သမားများက မကြာမီတိုက်ခိုက်မည်ဆိုသော သတင်းများကြောင့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ မိသားစုဝင်များ ပြောင်းရွှေ့နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက ကောလာဟလသတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိသည့် ကောလာဟလ သတင်းသာဖြစ်ကြောင်း သိရှိရပြီး ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများစိတ်ဓာတ်ကျဆင်းစေရန်၊ ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနှင့်ပူးပေါင်းကာ မြို့ရွာလုံခြုံရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသော ကောလာဟလသတင်းများကို ပြည်သူများမယုံကြည်ကြရန်နှင့် ယင်းမြို့တွင်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများမှာ ပုံမှန်သွားလာလျက်ရှိသလို ၎င်းသတင်းနှင့်ပတ်သက်၍ ပြင်ဦးလွင်မှ ဒေသခံတစ်ဦးထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းချက်အရ ယခုလိုကြားသိခဲ့ရပါတယ်- "ကျွန်မကတော့ ပြင်ဦးလွင် ရပ်ကွက်ကြီး(၁၉)ကပါ။ ပြင်ဦးလွင်မှာကတော့ အေးအေးချမ်းချမ်းပါပဲ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မြို့လုံခြုံရေးကို စစ်ဆေးဆောင်ရွက်နေတာပဲရှိပါတယ်။ အားလုံးကတော့ အေးအေးချမ်းချမ်းပါပဲ။ လိုင်းပေါ်က သတင်းတွေက ကောလာဟလတွေပဲဖြစ်ပါတယ်။ အဲ့ဒါတွေကတော့ ပြင်ဦးလွင်မြို့ရဲ့ တည်ငြိမ်မှုကို ပျက်ပြားအောင်လုပ်နေတဲ့ ကောလာဟလတွေပဲ ဖြစ်ပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့်အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U NaingHtun" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ နိုင်လင်းထွန်းအား ည ၉ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "HninEaKrai" TikTokအကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကျန်တန်းရပ်ကွက်နေ နှင်းနှင်းအေးအား ည ၉ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ "ဝဏ္ဏထွန်း (WannaTun)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ထွန်းရီအား ည ၈ နာရီ ၅၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

**ခရီးသွားဆောင်းပါး**

# လှပဝင့်ထည် ငပြောင်ဆည်

သက်နိုင်(ပြင်ဦးလွင်)

မြစ်သားမြို့နယ် ကူမဲမြို့ ရွာခိုင်ကြီးကျေးရွာကို လာရောက်ကြတဲ့ခရီးကနေ မြို့ကြီးတောရကျောင်း၊ ဆင်ခေါင်းတောင်တွေရှိရာကို လေ့လာလည်ပတ်အပြီးမှာ အခုတစ်ခါငပြောင်ဆည်ကို ဆက်လက်ထွက်ခွာလာခဲ့ပါတယ်။ ငပြောင်ဆည်က သံရွာအနီးမှာရှိနေတယ်ဆိုတာကြောင့် ဆင်ခေါင်းတောင်နဲ့မဝေးလှပါဘူး။ ဒါကြောင့် သံရွာကိုရောက်ရှိဖြတ်သန်းအပြီး မကြာခင်မှာ ငပြောင်ဆည်ရှိရာကို ရောက်လာခဲ့ကြတယ်။ လမ်းမှာကတည်းက သူငယ်ချင်းဖြစ်သူနဲ့ မိသားစုဝင်တွေပြောပြချက်အရ ငပြောင်ဆည်က အလွန်လှပတယ်ဆိုတဲ့အကြောင်း သိရှိထားခဲ့ရပေမဲ့ ငပြောင်ဆည်ကိုရောက်ရောက်ချင်း ဆည်ရဲ့သာယာလှပမှုတွေကို မကြည့်ရှုမခံစားနိုင်သေးဘဲ ကားရပ်ဖို့နေရာ တစ်နေရာစာကို အရင်ဆုံးရှာဖွေနေရပြီး သင့်တော်တဲ့နေရာတစ်ခုမှာ ကားကိုရပ်နားထားလိုက်ရတယ်။

နေ့ရက်ကာလက ဝါဆိုလပြည့်နေ့ဖြစ်နေတာကြောင့် စေတီဘုရားကျောင်းကန် စတဲ့နေရာအသီးသီးမှာ လူတွေများပြားစည်ကားနေပါတယ်။ အထင်ကရနေရာတွေတိုင်းမှာလဲ လာရောက်လေ့လာလည်ပတ်ကြသူတွေနဲ့ စည်ကားနေတာကြောင့် အခုငပြောင်ဆည်မှာပါ လူအပြည့်နဲ့စည်ကားနေတာကို တွေ့မြင်နေရတယ်။ ဒါပေမဲ့ ရောက်ရှိလာကြသူတွေက စည်းကမ်းပိုင်းမှာ အားနည်းနေကြပြီး ကားတွေ၊ ဆိုင်ကယ်တွေကို ရပ်ချင်သလို ရပ်နားထားကြတာကြောင့် နောက်မှရောက်ရှိလာကြတဲ့ ကားတွေ၊ ဆိုင်ကယ်တွေအတွက် အဆင်မပြေဖြစ်ကြရတော့တယ်။

ကားကိုရပ်နားထားခဲ့ပြီး ငပြောင်ဆည်ကိုကြည့်ရှုလိုက်တော့မှ အလွန်လှပတာကိုတွေ့တယ်။ ဆည်ကလဲလှပသလို လာရောက်ကြသူတွေအတွက် ဝင်ကြေးနဲ့အခြားအခကြေးငွေတွေအားလုံး ကောက်ခံပေးဆောင်ရခြင်းမရှိတာကြောင့် ဆည်ကိုလာရောက်ကြတဲ့သူတွေ ပိုမိုများပြားပြီး စည်ကားနေတယ်။ ဆည်ရေပြင်ဧရိယာက စောစောကရောက်ခဲ့ကြရတဲ့ ဆင်ခေါင်းတောင်ရေလွှတ်မြောင်းထက် ပိုမိုကျယ်ဝန်းပြီး ရေကလဲတိမ်နေတာကို တွေ့မြင်နေရတယ်။ ဒါပေမဲ့ လူတွေရေဆော့ကစားနေကြရတဲ့နေရာကလဲ ရေလွှတ်မြောင်းကြီးတစ်ခုပါ။ ပင်မရေလှောင်ထားရှိတဲ့ ဆည်ကြီးကနေ ရေလွှတ်မြောင်းကျယ်ကြီးအတိုင်း လွှတ်ပေးလိုက်တဲ့ ရေတွေအတွင်းမှာ ဆော့ကစားကြရတယ်။ ပင်မဆည်အမြင့်ပေါ်ကနေ အောက်ပိုင်းကို အဆင့်ဆင့်ပေးလွှတ်စီးဆင်းနေတာဖြစ်လို့ စီးဆင်းလာတဲ့ရေတွေက ရေတံခွန်ငယ်လေးတွေ ဖြစ်ပေါ်နေပြီး ပိုမိုလှပနေကြတာပါ။ ရေတွေရဲ့ အတိမ်အနက်ကလဲခြေမျက်စိလောက်ကနေ ဒူးအောက်လောက်သာရှိနေတာကြောင့် ရေဆော့ကစားနေကြသူတွေအားလုံးက အန္တရာယ်ကင်းကင်းနဲ့ ဆော့ကစားနေနိုင်ကြတယ်။

ငပြောင်ဆည်ကို ရောက်ရှိလာတာနဲ့ သူငယ်ချင်းရဲ့ မိသားစုတွေက ရေရှိရာနေရာတွေကို ပျော်ပျော်ပါးပါး ဆင်းပြေးသွားကြပြီဖြစ်လို့ မိမိတို့ကလဲ သူတို့ရှိရာနေရာတွေကို လိုက်ပါသွားရောက်ခဲ့ကြရတယ်။ ရေတွေအတွင်းမှာ ကလေးတွေက ပျော်မြူးဆော့ကစားနေကြပေမဲ့ မိမိတို့ကပျော်ရမဲ့အရွယ်၊ ကစားကြရမဲ့အရွယ်တွေမဟုတ်တော့ ခြေမျက်စိလောက်သာရှိနေတဲ့ရေထဲမှာ ထိုင်ချကြရင်းစကားပြောလိုက်၊ ဓာတ်ပုံတွေရိုက်လိုက်၊ ငေးမောကြည့်ရှုလိုက် စတာတွေကိုသာ လုပ်ကြရတော့တယ်။ ဒါပေမဲ့မိမိထိုင်နေတဲ့ ဘေးပတ်လည်က ဖြတ်သန်းသွားလာနေကြတဲ့ လူတွေကများပြားလွန်းနေလို့ လူရှင်းတဲ့နေရာတစ်ခုကို သေသေချာချာ ရွေးချယ်ပြီး ထပ်မံထိုင်ကြရတယ်။

ငပြောင်ဆည်ကရေလဲများ၊ တိမ်လဲတိမ်၊ ဧရိယာလဲကျယ်၊ အခကြေးငွေလဲမပေးရ၊ ပျော်စရာလဲကောင်း၊ လှလဲလှ၊ သာလဲသာယာ၊ ဝါဆိုလပြည့်နေ့လဲဖြစ်နေတာကြောင့် လူအပြည့်နဲ့စည်ကားနေတယ်။ ဒါပေမဲ့ လာရောက်လည်ပတ် ဆော့ကစားကြသူတွေက စည်းကမ်းမရှိကြပါဘူး။ စားသုံးပြီးသမျှ ဘူးခွံပုလင်းခွံတွေ၊ အမှိုက်တွေကိုရေထဲပစ်ချ၊ ဝိုင်းဖွဲ့စားသောက်ပြီးသူတွေကလဲ စွန့်ပစ်ပစ္စည်းအားလုံးကို ရေလွှတ်မြောင်းအတွင်းမှာထားခဲ့ကြနဲ့ ငပြောင်ဆည်ရေပြင်ကြီးတစ်ခုလုံး အမှိုက်တွေနဲ့ပြည့်နေတော့တယ်။ အချို့ပေါ့ပါးတဲ့ အမှိုက်တွေက ရေစီးနဲ့အတူ ပါသွားကြတာကြောင့် မြောင်းတစ်လျှောက်လုံးမှာလဲ အမှိုက်တွေနဲ့ ပြည့်နှက်နေတော့မှာပါ။ ဆည်ကသာယာလှပပေမဲ့ လာရောက်လည်ပတ်ကြသူတွေရဲ့ စွန့်ပစ်အမှိုက်တွေကြောင့် ဆည်ရဲ့အလှကို ထိခိုက်ပျက်စီးနေရတယ်။

မိမိတို့အဖွဲ့အနေနဲ့ ဆင်ခေါင်းတောင်မှာကတည်းက စားပြီးသောက်ပြီးဖြစ်ခဲ့ကြပေမဲ့ ငပြောင်ဆည်ကို



ရောက်လာကြတဲ့အခါမှာလဲ ပျော်ပျော်ပါးပါးနဲ့ ထပ်မံစားသောက်ကြပြန်တယ်။ ဆည်ဝန်းကျင် မြောင်းပေါင်တစ်လျှောက်မှာ အစားအစာမျိုးစုံရောင်းချတဲ့ ဆိုင်ကြီးဆိုင်လေးတွေ တန်းစီပြီးရှိနေကြတယ်။ လူတွေများပြား၊ ဆိုင်တွေများပြားသလို ဆိုင်တွေအားလုံးက လက်မလည်အောင် ရောင်းချနေကြရတယ်။ မိမိတို့မှာယူထားတဲ့ ဟော့ပေ့ါအကင်လို အစားအသောက်မျိုးကိုတောင် အချိန်ကြာကြာစောင့်ယူနေကြလို့ လက်ဖက်သုပ်၊ ချင်းသုပ်လို မြန်ဆန်တဲ့အစားအစာတွေကို ပြောင်းလဲမှာယူနေရတယ်။ ဒီလိုပြောင်းလဲမှာယူလိုက်တဲ့ အသုပ်တွေကိုလဲ အသုပ်နဲ့တူအောင် စားကြရတာမဟုတ်ပါဘူး။ ပန်းကန်ထဲမှာ လက်ဖက်တွေ၊ ချင်းတွေ၊ အကြော်ဆန်တွေအားလုံးကို စုပုံပေးလိုက်ကြတာပါ။ အသုပ်ထဲမှာပါသင့်ပါထိုက်တဲ့ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ကြက်သွန်ဖြူတွေကို မတွေ့မမြင်ကြရပါဘူး။ အခြေအနေနဲ့ အချိန်အခါအရ မိမိတို့အနေနဲ့ ဘယ်သူ့ကိုမှ အပြစ်ပြောဆိုလို့မရနိုင်ဘဲ ဝယ်လို့ရတဲ့အစားအစာလေးတွေကို ဖြစ်သလိုပဲစားသောက်လိုက်ရတော့တယ်။ ဒါပေမဲ့ဆိုင်တွေက ဖြစ်သလိုပြင်ပေးလိုက်တဲ့ အသုပ်တွေကိုမိမိတို့က ဖြစ်သလိုစားနေကြရပေမဲ့ ဘယ်လိုကြောင့်စားကောင်းနေသလဲဆိုတာကို မသိပါဘူး။ ရေထဲမှာထိုင်ရင်း၊ စကားပြောကြရင်း စားကောင်းနေကြလို့ စောစောကလိုအသုပ်မျိုး ထပ်ပေးပါအုံးဆိုပြီး လက်ဖက်တစ်ပွဲ၊ ချင်းတစ်ပွဲ ထပ်မံမှာယူလိုက်ရတယ်။ တစ်ခါတစ်ရံမှာ ထင်မှတ်မထားတဲ့အစားအသောက်တွေက စားကောင်းနေတတ်ပါတယ်။

ငပြောင်ဆည်မှာ အားရအောင်ဆော့ကစား၊ စားသောက်ပြီးတာနဲ့ ရွာခိုင်ကြီးကိုပြန်လာခဲ့ကြတယ်။ ရွာကိုပြန်လည်ရောက်ရှိလာတဲ့အချိန်က ညနေ ၃ နာရီလောက်သာရှိနေသေးတယ်။ ဒါကြောင့် ရောက်ရောက်ချင်းခဏနားကြပြီး ညနေခင်းနေအေးသွားတာနဲ့ ပန်းလောင်မြစ်ရှိရာကို ရေချိုးဖို့ထွက်လာခဲ့ကြရတယ်။ ဆင်ခေါင်းတောင်နဲ့ ငပြောင်ဆည်တို့မှာ ရေထဲဆင်းရေချိုး၊ ရေဆော့ခဲ့ကြပေမဲ့ လူတွေကများ၊ အမှိုက်သရိုက်တွေလဲရှိနေတာဖြစ်လို့ ရေသန့်တဲ့နေရာမှာ ရေထပ်ချိုးကြရတာပါ။ ပန်းလောင်မြစ်က ရေသန့်ပြီး ရေချိုးရေဆော့နေကြသူတွေ မရှိတာကြောင့် အေးအေးဆေးဆေးလွတ်လွတ်လပ်လပ်နဲ့ ရေကြည်ကြည်သန့်သန့်မှာ ရေချိုးကြရတယ်။ ဒီလိုရေချိုးကြရတာမျိုးကလဲ ဆင်ခေါင်းတောင်နဲ့ ငပြောင်ဆည်မှာတုန်းကလို အရသာမတူဘဲ တစ်မူထူးခြားနေတယ်။ မျက်စိရှင်း၊ နားရှင်းနဲ့ အေးဆေးလွတ်လပ်နေတာကြောင့်ပါ။

ပန်းလောင်မြစ်ကနေ ရေချိုးပြန်လာခဲ့ကြပြီး ညစာထမင်းမစားကြသေးခင်အချိန်လေးမှာ ဘာစား၊ ဘာသောက်ကြမလဲဆိုပြီး အိမ်ရှင်သူငယ်ချင်းက မေးမြန်းပါတယ်။ အရင်တစ်ခေါက် နွေရာသီကာလတုန်းက ဆေးဖြစ်ဝါးဖြစ်အနေနဲ့ ဒေသထွက်ထန်းရည်စစ်စစ်ကို သောက်ခဲ့ကြရတယ်။ အဲဒီတုန်းက ရာသီဥတုအခြေအနေ၊ ကာလဒေသနဲ့ ပင်ကျထန်းရည်စစ်စစ်ဖြစ်နေတာကြောင့် စားသောက်လို့ကောင်းခဲ့ပေမဲ့ အခုတစ်ခေါက်လာရောက်ကြတဲ့အချိန်က မိုးရာသီကာလဖြစ်နေတာကြောင့် ထန်းရည်မရနိုင်တော့ဘဲ ရတဲ့ထန်းရည်ကလဲ သောက်လို့မကောင်းနိုင်ကြောင်း သူငယ်ချင်းက ပြောပြတယ်။ မကြာခင်မှာ သူငယ်ချင်းရဲ့ဇနီးဖြစ်သူက လက်ဖက်သုပ်နဲ့ချင်းသုပ်တစ်ပွဲစီကို ပုစွန်ခြောက်တွေပေါပေါများများ၊ အဆာပလာပစ္စည်းပစ္စယတွေ စုံစုံလင်လင်နဲ့ အထူးကောင်းမွန်အောင်သုပ်ပြီး လာပေးပါတယ်။ "ငပြောင်ဆည်မှာတုန်းက ကောင်းကောင်းမွန်မွန်အရသာရှိရှိမစားခဲ့ကြရတဲ့ လက်ဖက်နဲ့ချင်းသုပ်တွေကို စကားပြောကြရင်း အားရပါးရစားကြအုံး" ဆိုပြီးပြောတယ်။ ဒါပေမဲ့ တကယ်စားသောက်ကြတဲ့အခါ နေ့လယ်ကဖြစ်သလို စားခဲ့ကြရသလောက် စားလို့မကောင်းတော့ဘဲ အရသာတစ်ခုခုလိုနေသလို ခံစားနေရတယ်။

ရေနွေးသောက်လို့မကောင်း၊ အသုပ်တွေစားလို့မကောင်းပေမဲ့ မကြာခင်မှာစားကြရတဲ့ ညစာထမင်းကတော့ အလွန်စားလို့ကောင်းနေတယ်။ ဝက်သားအားလူးနှပ်၊ မန်ကျည်းရွက်သုပ်၊ ပဲနီလေးကြာဆံဟင်းရည်၊ ငရုတ်သီးဗာလချောင်ကြော် ဒီရွာကိုရောက်တိုင်း ထမင်းစားတိုင်းမပါမဖြစ် ပါဝင်နေကျ မိမိရဲ့အကြိုက်ခရမ်းချဉ်သီးငပိချက်နဲ့ အတို့အမြှုပ်စုံစုံလင်လင်တွေနဲ့ စားကြရတာဖြစ်ပါတယ်။ ဒီတစ်ခေါက်ထမင်းစားကြရတဲ့အခါ ထူးထူးခြားခြားအဖြစ် မိမိတို့မမြင်ဖူး၊ မစားဖူး၊ မသိသေးတဲ့အရွက်နုလေးတွေက ထမင်းစားဝိုင်းအတို့အမြှုပ်ပန်းကန်ထဲမှာ ပါဝင်လာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စားလို့ကောင်းခဲ့ရတယ်။

ထမင်းစားသောက်ပြီးကြတဲ့အခါ လရောင်ထိန်ထိန်အောက် အိမ်ရှေ့တလင်းပြင်မှာ ပက်လက်ကုလားထိုင်ကိုယ်စီနဲ့ထိုင်ပြီး စကားပြောကြရတာကလဲ အရသာတစ်မျိုးပါ။ ဒ့ါပြင် သူငယ်ချင်းဖြစ်သူက ငယ်ရွယ်စဉ်ကလေးဘဝကတည်းက တွေ့ဆုံခင်မင်ရင်းနှီးခဲ့ရသူတစ်ယောက်ဖြစ်နေတာကြောင့် ငယ်စဉ်တုန်းက အကြောင်းတွေ၊ ငယ်တုန်းကဘဝတွေ၊ ငယ်သူငယ်ချင်းတွေအကြောင်း တွေးရင်းတောရင်း ဆက်စပ်မိရင်း စားမြုံ့ပြန်ပြောဆိုကြရတာကလဲ အရသာရှိနေတယ်။ သူငယ်ချင်းနှစ်ယောက်စလုံး ငယ်တုန်းကအခြေအနေနဲ့ အခုအခြေအနေတွေ ကွာခြားသွားခဲ့ကြရပြီဖြစ်သလို အခြားသူငယ်ချင်းတွေကလဲ သက်ရှိထင်ရှားရှိတဲ့သူရှိ၊ မရှိကြတော့တဲ့သူမရှိ၊ အရင်တုန်းက ကြွယ်ဝချမ်းသာခဲ့ကြသူတွေက အခုအချိန်မှာ ဆင်းရဲနွမ်းပါးသွား၊ အရင်တုန်းကဆင်းရဲနေသူတွေက အခုအချိန်မှာ ကြွယ်ဝချမ်းသာလာကြနဲ့ ဘဝဇာတ်ခုံရဲ့အပြောင်းအလဲကံကြမ္မာရဟတ်ကြီးရဲ့ ရပ်မနေတဲ့ သဘောတရားအတက်အကျ အနိမ့်အမြင့်ဖြစ်စဉ်တွေကို ရှုမြင်ခံစားနေကြရတယ်။ သူငယ်ချင်းဖြစ်သူနဲ့အတူ လရောင်အောက်မှာ စကားပြောဆိုကြရင်း အချိန်အနည်းငယ်လွန်သွားပြီး ညဥ့်နက်မှ အိပ်ရာကိုယ်စီဝင်ခဲ့ကြရတယ်။

ရွာခိုင်ကြီးက ကျေးရွာတစ်ရွာဖြစ်နေတာကြောင့် အခုလိုဝါဆိုလပြည့်နေ့မှာ အခါကြီးရက်ကြီးတွေ၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလတွေ၊ သင်္ကြန်ပွဲတော်ရက်တွေမှာ ရွာလုံးကျွတ်အလှူဒါနတွေ၊ ကုသိုလ်ပြုပွဲတွေရှိနေကြသလို ဆိုင်းသံ၊ ဗုံသံ၊ သီချင်းသံတွေနဲ့ ဆူညံနေလေ့ရှိတယ်။ အခုမိမိတို့ရောက်ရှိနေတဲ့အချိန်မှာလဲ အသံချဲ့စက်ကြီးတွေ၊ ဆောင်းဘောက်ကြီးတွေနဲ့ သီချင်းတွေဖွင့်ထားကြတာ မနက်မိုးမလင်းခင်အချိန်ကတည်းကပါ။ ရွာခိုင်ကြီးက တောင်ရွာနဲ့မြောက်ရွာဆိုပြီး ရွာကိုနှစ်ပိုင်းခွဲခြားထားတယ်။ အရင်တုန်းကတော့ ပွဲတော်ကာလရက်တွေမှာ တစ်ရွာနဲ့တစ်ရွာကို ရက်တွေခွဲခြားသတ်မှတ်ပြီး သီချင်းဖွင့်တာမျိုးတွေ လုပ်ကြရတယ်။ ဥပမာအားဖြင့် သင်္ကြန်ပွဲတော်ကာလမှာ အကြိုနေ့နဲ့အကျနေ့နှစ်ရက်ကို တောင်ရွာကယူမယ်ဆိုရင် မြောက်ရွာက အကြတ်နေ့နဲ့အတက်နေ့ကိုယူရတယ်။ နောက်နှစ်ရောက်ရင် အကြိုနေ့နဲ့အကျနေ့ကို မြောက်ရွာကယူရပြီး တောင်ရွာက အကြတ်နေ့နဲ့အတက်နေ့စသည်ဖြင့် အလှည့်ကျယူ၊ အလှည့်ကျဖွင့်ကြရတယ်။ ဒီလိုနေ့ရက်တွေကို ခွဲခြားယူကြ၊ သီချင်းတွေဖွင့်ကြတဲ့အခါ သူ့ရွာ၊ ကိုယ့်ရွာပြိုင်ဆိုင်မှုတွေရှိနေကြသေးတယ်။ ဘယ်လိုပြိုင်ကြတာလဲဆိုရင် ဆောင်းဘောက်ဖွင့်သံကျယ်တာကို ပြိုင်ကြတာဖြစ်ပါတယ်။ သူ့ရွာကဆောင်းဘောက်သံက ပိုကျယ်တယ်၊ ငါ့ရွာကဆောင်းဘောက်သံကပိုကျယ်တယ်ဆိုပြီး ပြိုင်ကြတယ်။

ဒါကြောင့် ပွဲတော်ကာလတွေကိုရောက်ရင် သီချင်းဖွင့်ဖို့အတွက် အသံချဲ့စက်ငှားရမ်းကြတဲ့အခါ ဘယ်မြို့ကစက်ကပိုပြီး အသံကျယ်တယ်၊ ဘယ်နေရာကစက်ကပိုပြီးအသံကျယ်တယ်ဆိုပြီး ပြောဆိုတိုင်ပင်ဆွေးနွေးပြီးမှ ငှားရမ်းကြရတယ်။ အသံချဲ့စက်သွားရောက်ငှားရမ်းကြတဲ့ တာဝန်ကျအဖွဲ့ဝင်တွေကိုလဲ တစ်ရွာလုံးက အသံကျယ်တဲ့ "ဘောက်"ကို ငှားခဲ့နော်ဆိုပြီး အကြိမ်ကြိမ်အခါခါ မှာကြားနေကြတာကို မိမိကိုယ်တိုင်မြင်တွေ့ကြုံဆုံဖူးနေတယ်။ ဒါပေမဲ့ ရွာခိုင်ကြီးမှာ ဒီလိုခေတ်ကာလမဟုတ်တော့သလို အခုအချိန်မှာ အရာရာပြောင်းလဲသွားခဲ့ကြပါပြီ။ အသံချဲ့စက်တွေကို ငှားရမ်းစရာမလိုတော့ပါဘူး။ ပွဲတော်ကာလတွေမှာ ရက်တွေခွဲခြားစရာမလိုတော့ပါဘူး။ ကိုယ်ပိုင်အသံချဲ့စက်တွေ၊ ဆောင်းဘောက်တွေရှိနေကြပါပြီ။ ဒါပေမဲ့အသံတွေကတော့ အခုအချိန်ထိကျယ်နေဆဲပါ။ အသံကျယ်ကျယ်ကြိုက်တာကတော့ အခုထိမပြောင်းလဲကြသေးပါဘူး။

ဒီတစ်ညတော့ ရွာခိုင်ကြီးမှာဆက်လက်ညအိပ်နားနေလိုက်ပါအုံးမယ်။ နောက်တစ်နေ့မနက်မှာ အိပ်ရာကနေ စောစောထကြပြီး နေရာတစ်ခုကို လေ့လာလည်ပတ်ကြဖို့ စီစဉ်ထားပါတယ်။

ဝတ္ထုတိုကဏ္ဍ

# တစ်ပူပေါ် နှစ်ပူဆင့်

ထွန်းလှိုင်(မြိုင်)



"ဆရာ ဆရာ ကျွန်တော်တို့ပါ တံခါးဖွင့်ပါအုံး။ သံဖိုရွာက စိန်မောင်ပါ ဆရာ"

ည ၁၁ နာရီကျော် အချိန်မတော် တံခါးမဖွင့်ရသေး။ ဘက်ထရီကလစ်ချိတ် မီးရောင်မှိန်မှိန်လေးဖြင့် အပေါက်က ချောင်းကြည့်လိုက်၏။ မီးအုပ်ပါလာ၍ ဦးစိန်မောင်ကို သဲသဲကွဲကွဲမြင်လိုက်ရမှ တံခါးဖွင့်ပေးလိုက်သည်။

"ထိုင်ကြဗျာ။ ဆို ကိုစိန်မောင် ဘာကိစ္စ"

"ဒီလိုပါ ဆရာ။ ဟောဒီ မောင်ပု ခိုင်းနွားကြီး နောက်ခြေထောက်တစ်ဖက်မထောက်နိုင်လို့ ရောင်လဲရောင်နေတယ်။ မြွေကိုက်တယ်ထင်တယ်။ အဲဒါ အရေးတကြီး အချိန်မီ ဆရာ့လာပင့်တာ။ လှည်းကို ဒုန်းမောင်းလာခဲ့တာပဲ။ အချိန်လွန်သွားတော့ အားနာနာနဲ့ ဆရာ့ နှိုးလိုက်ရတယ်"

"အားနာစရာမလိုပါဘူး။ ကျွန်တော်တို့က ဝန်ထမ်းတွေပဲ။ ၂၄ နာရီ တာဝန်ရှိသလေဗျာ။ ဆေးကုလာခေါ်ရင် အချိန်မရွေးလိုက်ရမှာပေါ့"

ကျွန်တော်တို့စကားပြောသံများကြားတော့ အိမ်ရှင်မက အိပ်ရာမှထလာပြီး ရေနွေးကြမ်းနှင့် ဆေးလိပ်ချပေးပါသည်။

"ရေနွေးသောက်လိုက်ကြအုံးဗျာ။ ကျွန်တော် ဆေးလွယ်အိတ် ပြင်ထားလိုက်ပါ့မယ်"

လိုအပ်သောဆေးများ ဆေးလွယ်အိတ်ထဲထည့်ရန် စီစဉ်လိုက်၏။ အရေးထဲ မြွေဆိပ်ဖြေဆေးက အဆင်သင့်မရှိ။ ဆေးခန်းက ကျန်းမာရေးမှူးထံ အပြေးကလေးသွားပြီး အချိန်မတော် အားမနာလျှာမကျိုး တံခါးခေါက်နှိုးရတော့၏။ တော်ပါသေးရဲ့။ မြွေဆိပ်ဖြေဆေးလေးလုံး ချေးပေးလိုက်၏။

"ဆေးခန်းမှာ ဆေးပြတ်လို့ မဖြစ်ဘူး။ ပြန်လာရင် ဝယ်ပေး"ဟုပင် မှာလိုက်သေးသည်။

အိမ်ပြန်ရောက်တော့ မှာစရာရှိတာမှာပြီး အဆင်သင့်ရပ်စောင့်နေတဲ့ လှည်းပေါ်တက်ကာ-

"ကိုင်း ကိုစိန်မောင်ရေ၊ အချိန်မီအောင် လှည်းကို ဒုန်းစိုင်းပေတော့ဗျာ"ဟု ပြောလိုက်ရသည်။

"စိတ်ချဆရာ၊ ကျွန်တော့်နွားတွေက နွားဝါစာလောက်လေးတွေ၊ တစ်ရှဉ်းလုံး ခြံပေါက်တွေ၊ စာဆိုတောင်ရှိတယ်ဆရာရဲ့။ နွားဝါစာပေါက် တောက်မခေါက်နဲ့၊ ခေါက်သာခေါက်လေ၊ မငေါက်လေနဲ့၊ ငေါက်သာငေါက်လေ၊ မရိုက်လေနဲ့။ ရိုက်သာရိုက်လေ မငိုက်လေနဲ့တဲ့ဆရာ လှည်းရန်တိုင်သာ သေသေချာချာကိုင်ထားပေတော့"ဟု ကိုစိန်မောင်က သူ့နွားကောင်းကြောင်း စာဆိုနှင့် ပြောရင်းမောင်းတော့သည်။

အပြောနှင့်ညီပါ့။ ခြောက်မိုင်ခရီးကို နှစ်နာရီကျော်လေးနှင့် အရောက်မောင်း၏။ လမ်းက ကျင်းတွေ၊ ချိုင့်တွေရှိတော့ လှည်းကအခုန်တွင် လိမ့်မကျအောင် သတိထားရသည်။ ကိုယ်လက်များနာလာ၏။

"ကဲ မောင်စိန်ရေ ခဏနားပါအုံးဗျာ ရွာထဲရောက်တော့မယ်။ နွားနားရင်း အပေ့ါအလေးသွားရအောင်" ဟုဆိုကာ လှည်းရပ်စဉ် နွားနှစ်ကောင်ပါးစပ်က အမြှုပ်ထွက်နေပြီ။ ဦးစိန်မောင် ရေဘူးမှရေကိုငုံလိုက်ပြီး နွားနှစ်ကောင်ပါးစပ် ရေမှုတ်ပေးနေ၏။ နွားအမောပြေမှ ဆက်မောင်းခဲ့ရသည်။

လှည်းကို မှန်မှန်မောင်းလာရင်း လမ်းကြမ်းထဲရောက်တော့ ညာဘက်နွား ကဆုန်ပေါက်လိုက်ရာ ကံကောင်း၍ လှည်းမမှောက်။ တစ်ဖက်မှာလည်း ၁၀ ပေလောက်နက်သည့်ချောက်ကြီး။ နွားက အငြိမ်မနေ၊ ကိုစိန်မောင်က နွားလက်ကိုင်ကြိုးကို ဆောင့်ဆွဲလိုက်မှ လှည်းရပ်သွားတော့သည်။

ကျွန်တော်နှင့် မောင်ပု လှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး-

"အားပါးပါး မြွေကြီး ဆရာ။ နွားကို ကိုက်လိုက်ပြီထင်တယ်"မောင်ပုက ငါးထောင့်ထိုး လက်နှိပ်ဓာတ်မီးထိုးပြရာကိုကြည့်လိုက်တော့ လက်ကောက်ဝတ် အလုံးလောက်ရှိသည့်မြွေကြီး လျှာတစ်လစ်နှင့် ခါးပိုင်းကို နွားနောက်ခြေထောက် အနင်းခံထားရသဖြင့် ဒေါသဖြစ်နေပုံရသည်။ လှည်းပေါ်ပါလာသည့် ဝါးရင်းတုတ်နှင့် မောင်ပုက လေးငါးချက် ဆက်တိုက်ရိုက်သည်။ မြွေကမသေအသက်ပြင်းသည်။ တွန့်လိမ်နေ၏။ တစ်ဆက်တည်း ကိုမောင်ပုက လှည်းဦးတွင် ထိုးထားသော ငှက်ကြီးတောင်ဓားကိုယူကာ မြွေခေါင်းကိုဖြတ်ပြီး ချောက်ထဲလွှင့်ပစ်ပြီးမှ တွန့်လိမ်နေသည့်အပိုင်းကို လွယ်အိတ်ထဲခွေထည့်လိုက်ရင်း "မြွေပွေး ပြာချပြီး အုန်းဆီနဲ့ဖျော်လိမ်းရင် နွားပခုံးပေါက် ပျောက်တယ် ဆရာ၊ ဒါအဖိုးတန်ပဲ"တဲ့။ ကိုမောင်ပု၏ လုပ်ကိုင်ပုံများကိုကြည့်ပြီး ကျွန်တော်ကြက်သီးထနေမိ၏။ နွားပခုံးပျောက်တာ အရေးမကြီး။ ကျွန်တော်တို့ စီးလာသည့်နွားကို မြွေပွေးကိုင်လိုက်ပြီထင်သည်။

ကိုစိန်မောင်နှင့် ကျွန်တော် လက်နှိပ်ဓာတ်မီးထိုးပြီး နွား၏ခြေထောက်များကို သေချာကြည့်ရှုလိုက်သည်။ နောက်ခြေထောက်တော့ ဒဏ်ရာမတွေ့ရ။ ညာဘက်ရှေ့ခွာဆစ်မှာသွေးစို့နေသည်။ ရှေ့လက်ကိုကိုက်လိုက်ပြီ။ နွားခြေရှေ့အလှမ်း နောက်ခြေနဲ့ နင်းမိရက်သား ဖြစ်ဟန်တူသည်။ မြွေပွေးကိုက်လိုက်တာတော့သေချာပြီ။ အင်း တစ်ပူပေါ် နှစ်ပူဆင့်ရချေပြီ။

"ကဲ ကိုစိန်မောင် ရွာထဲလဲ ဝင်တော့မယ်။ အိမ်ရောက်မှပဲ သေချာကြည့်ရအောင်"

ကျွန်တော် လောပေးလိုက်ရသည်။ နွားမြွေကိုက်သည်ထင်၍ လာခေါ်သည့်အိမ်ရောက်တော့ ရွာသားလေးငါးယောက်ရေနွေးကြမ်းသောက်ရင်း ကျွန်တော်တို့ကို စောင့်နေသည်ကိုတွေ့ရ၏။ နွားကိုမြွေကိုက်တယ် ထင်လို့လာခေါ်တာက တစ်ကောင်၊ ကျွန်တော်တို့ စီးလာတဲ့လှည်းက နွားမြွေကိုက်ခံရတာက တစ်ကောင်၊ မြွေကိုက်ခံရတာ နွားနှစ်ကောင်ဖြစ်နေပြီ။ ယူလာသည့် မြွေဆိပ်ဖြေဆေးကတစ်ကောင်စာ။ အဲဒါမှ ဒုက္ခ၊ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်နေပြီ။

လှည်းရပ်တယ်ဆိုရင်ပဲ-

"ကိုင်း ကိုစိန်မောင် ရေနဲ့ဆပ်ပြာယူခဲ့ဗျာ။ ကျွန်တော်တို့လှည်းက နွားခြေထောက်ကို ပွတ်သပ်ဆေးကြောကြည့်ရအောင်"ဆိုကာ စစ်ဆေးကြည့်လိုက်သည်။ နွားတစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်နေပြီ။ အိပ်လိုက်ထလိုက်နှင့် ရှေ့ခွာဆစ်မှာလည်း မြွေဆွယ်ဒဏ်ရာက သွေးစို့နေ၏။

"ကိုစိန်မောင်ရေ မြွေကိုက်တာတော့သေချာနေပြီ။ ဆေးထိုးရအောင် ရေနွေးအဆင်သင့်လုပ်ထားလိုက်"

ကျွန်တော်ပြောလိုက်တော့ မြွေကိုက်လို့လာပင့်တဲ့ အိမ်ရှင်က သိပ်မျက်နှာမကောင်းလှ။ သူ့နွားကို အရင်ကြည့်ပြီး ဆေးထိုးချင်ပုံပေါ်သည်။ ကျွန်တော်လည်း လာခေါ်သည့်အိမ်ရှင်၏နွားကို တစ်ဆက်တည်း စစ်ဆေးကြည့်ရှုလိုက်သည်။ သိချင်သည်များကို မေးကြည့်လိုက်သည်။ တော်ပါသေး၏။

"ကျွန်တော် ပျောက်အောင်ကုပေးမယ်"ဆိုမှ အိမ်ရှင်က မျက်နှာကြည်လင်လာတော့သည်။ ကျွန်တော်တို့ မြေလတ်ဒေသမှာ မိုးဦးလေဦးကျတတ်သည့် ပေါင်ပုပ်လက်ပုပ်ရောဂါကုခဲ့သည့်နွားတွေ များလှပါပြီ။ ထို့ကြောင့် ကျွန်တော် တာဝန်ယူလိုက်ခြင်းပင်။

"ဆရာကလဲ အာမခံရဲလှပါလား။ တို့ရွာက မြွေဆရာ ဦးကျားမောင်ဖြင့် မန်းလိုက်မှုတ်လိုက်ရေမန်းတိုက်လိုက်နဲ့ ပါးစပ်တောင်ပူစီပေါင်းဖြစ်နေပြီ။ အခုဟာက ကြည့်ရုံကြည့်ရသေး၊ ပျောက်အောင် ကုပေးမယ်ဆိုတော့"

"ဟာကွာ သူပိုင်လို့နေမှာပေါ့"

ရေနွေးဝိုင်းကထွက်လာသည့်အသံ ကျွန်တော်ကြားလိုက်ရသည်။ ဆေးထိုးပိုက်များကို ရေနွေးနှင့် ဆေးကြောပြီး ကျွန်တော်တို့စီးလာသောနွားကို မြွေဆိပ်ဖြေဆေးထိုးရန် စီစဉ်လိုက်သည်။

နွားကို အကြောဆေးသွင်းရန် ကိုစိန်မောင်နှင့် ရွာသားတစ်ဦးကို သေချာကိုင်ခိုင်းပြီး သွေးကြောရှာရပါတော့သည်။ နွားက အငြိမ်မနေ၊ ညက ဖြစ်ပြန်၊ လက်နှိပ်ဓာတ်မီးအလင်းရောင်က ခပ်မှိန်မှိန်မို့ သွေးကြောရှာရတာမလွယ်။ အကြောဆေးသွင်းပြီး လိုအပ်သောပဋိဇီဝဆေးပါ ထိုးပေးလိုက်သည်။ တိုင်းရင်းဆေးဖြစ်သည့် အမဲတစ်စို့ပင် ပန္နင်းပါးထုထောင်းပြီး တစ်နေ့နှစ်ကြိမ်တိုက်ရန်နှင့် ဗမာနှင်းဆီအမြစ်ကိုသွေးပြီး မကြာခဏလျှာပတ်ပေးရန်ပါ ပြောလိုက်ပါသည်။ ပြီးတော့ ပေါင်ပုပ်လက်ပုပ်ရောဂါဖြစ်နေသော နွားကို လိုအပ်သောပဋိဇီဝဆေးဝါးများထိုးပေးသည်။ ရောဂါဖြစ်နေသည့်နွားကို သီးခြားထားပြီး သီးခြားပြုစုရန် နွားပိုင်ရှင်ကို ပြောပြခဲ့၏။

"ဆရာ လက်ဆေးပြီး ရေနွေးကြမ်းသောက်ရင်း စကားပြောကြတာပေါ့"ဆိုပြီး ကိုစိန်မောင် ဆပ်ပြာနှင့်ရေ ယူလာပေးသည်။ ကျွန်တော်လည်း ရေနွေးကြမ်းဝိုင်းထိုင်လိုက်သည်။ ရွာသားလေးငါးယောက်အပြင် ရွာမိရွာဖသုံးလေးဦး တွေ့ရသည်။ အချိန်ကြည့်လိုက်တော့ နံနက် သုံးနာရီထိုးရော့မည်။

"မထူးပါဘူး ဆရာရယ်၊ ကျွန်တော်တို့ အရက်ထမင်းစားပြီးမှ မေးလိုက်တာပေါ့။ ဥက္ကဋ္ဌကြီးလဲ ခေါ်ထားတယ်"

ကိုစိန်မောင် ပြောလို့မဆုံးခင် ဥက္ကဋ္ဌကြီးနှင့် ရွာသားနှစ်ယောက်ရောက်လာ၏။ ဥက္ကဋ္ဌကြီးကို နေရာထိုင်ခင်းပေးလိုက်ပြီး အခွင့်အရေးရခိုက် ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါအကြောင်း ဆွေးနွေးရန် စိတ်ကူးနေဆဲ-

"ဆရာရေ ဒီရောဂါမဖြစ်တာ သုံးနှစ်လောက်ရှိပြီ ဆရာ။ ဘယ်ကနေ ဘယ်လိုပေါ်လာသလဲ မသိပါဘူးဗျာ"

ဥက္ကဋ္ဌကြီးက စကားစလိုက်သည်။

"အတော်ပဲ ဥက္ကဋ္ဌကြီးရေ ဒီရောဂါအကြောင်း ပြောချင်တာနဲ့။ ပေါင်ပုပ်လက်ပုပ်ရောဂါက နှစ်စဉ်ကြိုတင်ကာကွယ်ဆေးမထိုးရင် ကျွန်တော်တို့မြေလတ်ဒေသတွေမှာ မိုးဦးကျချိန်၊ ဖက်ဆွတ်ရေသောက်ချိန်၊ အထူးသဖြင့် နွားမတမ်းတွေ၊ နွားငယ်ကလေးတွေ အဖြစ်များတယ်။ ငါးနှစ်အောက်ထိ အဖြစ်များတယ်။ သေဆုံးနိုင်တယ်။ ရောဂါလက္ခဏာမပြဘဲ ခြေတစ်ဖက် ထော့နဲ့ထော့နဲ့ဖြစ်ပြီးသေဆုံးတော့ တောင်သူတွေက မြွေကိုက်တယ်ဆိုပြီး နွားအမဲဖျက်စားတော့ ရောဂါကူးစက်တာပေါ့။ သုံးလေးကောင်လောက် ဆက်တိုက်သေမှ ရောဂါဆိုတာသိကြတာ"

"ဟုတ်တယ်ဗျို့။ ရွာတောင်ပိုင်းက ဘကြီးတုတ်ပေါ ခြံမှာ နွားပေါက်ကလေး နှစ်ကောင်တောင်သေတယ်။ ဆရာပြောသလို ထော့နဲ့ထော့နဲ့ဖြစ်ပြီး တစ်ရက်လောက်ပဲ ခံတယ်။ သေသွားတာ အမဲရောင်းသလေ။ ဈေးကလဲချို၊ အလေးကလဲပြည့်တော့ ကျွန်တော်တို့တောင် နှစ်ပိဿာ ဝယ်လှမ်းထားသေးတယ်။ ဆရာတို့ ရေနွေးဝိုင်းက အမဲခြောက်ဆီဆမ်းလေ-

အိမ်ရှင်က အားတက်သရောပြောနေသည်။ ကိုင်း မှတ်ကရော။ ကူးစက်ရောဂါမှန်းမသိကြတော့ ရောဂါတွေ ဖြန့်သလိုဖြစ်ကုန်ကြပြီ။

"ကျွန်တော်လဲ မြွေကိုက်တယ်ပြောလို့ ခွင့်ပြုလိုက်တာ ဆရာရေ"

ဥက္ကဋ္ဌကြီးက ဝန်ခံနေပြန်သည်။ ကျွန်တော် ဆက်ရှင်းပြရတော့သည်။

"အချို့နွားတွေကျတော့ နောက်ခြေထောက်တစ်ဖက် ဒါမှမဟုတ်ရင် နှစ်ဖက်စလုံးရောင်တာလဲရှိတယ်။ ရှေ့လက်တစ်ဖက်၊ နောက်ခြေထောက်တစ်ဖက် ကန့်လန့်ရောင်တာလဲရှိတယ်။ တင်ပါး၊ ကျောမြှောင်၊ လည်ပင်း၊ ရင်ဘတ်ပိုင်းတွေရောင်ပြီး ရောင်တဲ့နေရာတွေက ပထမပိုင်းပူတယ်။ စမ်းလိုက်တဲ့နေရာမှာ လက်ရာထင်ကျန်ခဲ့တယ်။ အစာစားနည်းလာပြီး အထိုင်အထ

စာမျက်နှာ ၂၅ သို့ ➤

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မျိုးကောင်းမျိုးသန့်စပါး ၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မျိုးကောင်းမျိုးသန့်စပါး ၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မျိုးကောင်းမျိုးသန့်စပါးလျာထားဧက ၅၁၀ ကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မျိုးကောင်းမျိုးသန့်စပါး ၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မျိုးကောင်းမျိုးသန့် စပါးများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့်နည်းပညာများနှင့် စိုက်ပျိုးရေးသွင်းအားစုများကို အားဖြည့်ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ အခုနှစ်မိုးစပါးမျိုးကောင်းမျိုးသန့်စိုက်ခင်းတွေကို စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို မစိုက်ပျိုးမီ စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ မျိုးကောင်းမျိုးသန့်စပါးဧက ၅၁၀ ထိ လျာထားစိုက်ပျိုးနေပြီး ဒီကနေ့ထိ ၃၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့စပါးခင်းတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ စပါးခင်းတွေကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးအပါအဝင် မိုးသီးနှံများအားလုံး အခက်အခဲမရှိ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ပေကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက ပေကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ပေကုန်းကျေးရွာရှိ လုပ်ကွယ်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများလိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းကော်မတီဝင်များက ပေကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူစုစုပေါင်း ၁၂၉ ဦးကို ရန်ပုံငွေကျပ် ၃၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

➤ စာမျက်နှာ ၂၄ မှအဆက်

ခက်လာတာ။ ဆေးဝါးအချိန်မီမကုရင်တော့ သေသွားနိုင်တယ်။ အခုဆေးကုနေတဲ့နွားကိုကြည့် ခြေထောက်တစ်ဖက်ရောင်နေပြီ။ ဆေးမမီရင်တော့သေနိုင်တယ်။ အခုတော့ စိတ်ချသွားရပါပြီ"ဟု ဆိုလိုက်သည်။

"ဒီလိုရောဂါနဲ့သေရင် ကျင်းနက်နက်တူးမြှုပ်ပစ်ဖို့ဆော်ဩပေတော့ ဥက္ကဋ္ဌကြီးရေ။ နောက်ပြီး ကျွဲ၊ နွားတွေကို ကာကွယ်ဆေးထိုးဖို့ စီမံပေတော့။ ဒီလုပ်ငန်းတွေကို ဥက္ကဋ္ဌကြီးနဲ့ရွာသားတွေ ဝိုင်းဝန်းကူညီမှကူးစက်ရောဂါပြတ်မယ်"ဟု တစ်ဆက်တည်း ပြောလိုက်သည်။

"ကျွန်တော် ကာကွယ်ဆေးထိုးဖို့ စီစဉ်လိုက်ပါမယ်ဆရာ"

မကြာမီ ကိုစိန်မောင် ရောက်လာပြီး-

"ကဲ ဆရာရော၊ ဥက္ကဋ္ဌကြီးပါ အရုဏ်ထမင်းစားလိုက်ရအောင်"

ထမင်းပွဲမှာတော့ ကြက်သားကာလသားဟင်း၊ ငါးဟင်း၊ ငံပြာရည်ဖျော်၊ မှန်ရောင်ဟင်းချို၊ မြေပဲဆန်ချက်။ ထမင်းစားနေရင်း ဥက္ကဋ္ဌကြီးက-

"ဟ စိန်မောင်ရဲ့ မင်းတို့ငါးဟင်းက ကောင်းလှချည်လား။ တို့ရွာကချောက်တောကုန်း ဘယ်ကရတာလဲကွဲ့"

"မနက်က ကျောက်ရဲက လှခင်တို့ ညီမလာရောင်းတာ၊ အလည်လာရင်း ပါလာတာပါ"

ကျောက်ရဲ ဧရာဝတီမြစ်ကမ်းဘေးတွင်ရှိ၏။ သံဖိုရွာနှင့် ခြောက်မိုင်လောက်ဝေးပါသည်။ ကျွန်တော်လည်း ငါးဟင်းစားကြည့်သည်။ အရသာထူးနေ၏။ ငါးဆီပြန်ချက်ထားသည်။ အတုံးတွေကတော့ ကြေနေပြီ။ ကျွန်တော်တို့ အရုဏ်ထမင်းစားပြီးတော့ နံနက်ငါးနာရီ ထိုးတော့မည်။ လှည်းစီးလာလို့ ကိုယ်လက်နာ၊ ခရီးက ပန်း၊ အိပ်ရေးက ပျက်၊ ကြက်သားဟင်းနှင့် ငါးဟင်းစပိုးနှင့် ကျွန်တော့်မျက်လုံးများ မှေးချင်လာပြီ။

"ဆရာ ခဏမှေးလိုက်ပါအုံးလား"

ကိုစိန်မောင် စကားမဆုံး အိပ်ရာထဲခေါင်းချလိုက်သည်နှင့် လောကကြီးခဏမေ့သွားသည်။ ဥက္ကဋ္ဌကြီးတို့အဖွဲ့ ဘယ်အချိန် လူစုကွဲသွားလဲ မသိလိုက်။

"ဆရာ ဆရာ၊ မနက် ခုနစ်နာရီတောင် ကျော်နေပြီ"ဟူသော ကိုစိန်မောင် အသံကြားမှ ကျွန်တော်အိပ်ရာက နိုးသည်။ အိမ်ရှင်ကတော့ ထမင်းကြော်နှင့် ရေနွေးကြမ်းအဆင်သင့်။ အဆာခံပြီး ညကဆေးကုထားသောနွားများကို အခြေအနေကြည့်ကာ လိုအပ်သောဆေးဝါးများ ထပ်မံထိုးလိုက်၏။ မြွေကိုက်တဲ့နွား ဆေးထိုးပြီးတော့ သတိရတာနှင့်။

"ကဲ မောင်ပု ညကရိုက်လာတဲ့ မြွေပွေးဘယ်မလဲ ယူခဲ့ဗျာ။ ပြာချရအောင် နွားပခုံးပေါက်ဆေးဖော်ကြစို့"

ကိုမောင်ပုနှင့် ကိုစိန်မောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်စိမျက်နှာပျက်နေကြပြီ။ တော်တော်နှင့် အဖြေထွက်မလာ။ သူပြောနိုး ငါပြောနိုးနှင့် ကျွန်တော့်ကို ကြည့်နေသည်။

"ဆရာရယ် အပြစ်တင်ရင်လဲခံပါ့မယ်။ ညက ရောက်ရောက်ချင်း ကျွန်တော်လဲ ထွေးညိုနှစ်ခွက်ကိုင်ပြီး မြွေပွေးကိုအရေခွံချွတ်ပြီး ဆီပြန်ချက်တယ်ဆရာ။ ကျွန်တော်တို့အဖွဲ့လဲ အရက်မြည်း၊ အရုဏ်ထမင်းစားတုန်းက ဥက္ကဋ္ဌတို့၊ ဆရာတို့ ကောင်းတယ်ဆိုတဲ့ငါးဟင်းက အဲဒီမြွေပွေးသားပဲ ဆရာ"ဟု ကိုမောင်ပု ရှင်းပြပါတော့သည်။

"ဟာ ကောင်းရောကွာ"

ကျွန်တော်အော်ဂလီဆန်လာပြီ မဟန်နိုင်တော့။ နှစ်ခါသုံးခါ ဆက်တိုက်အန်ချလာသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထလာ၏။ တစ်ခါမျှမြွေသားမစား။ အရသာလဲမသိ။ မြွေကို ကြောက်စရာသတ္တဝါလို့ပဲ မြင်နေခဲ့သည်လေ။

ကိုစိန်မောင်တို့အဖွဲ့က ဝိုင်းတောင်းပန်ရင်း တဟားဟားနှင့် ပွဲကျနေလိုက်တာ။ သူတို့အဖွဲ့က မြွေသားဟင်းက ရိုးနေပြီ။ မြွေသားနှင့် ငါးဟင်းအရသာက မကွာခြားဟုဆို၏။ ကျွန်တော်လဲ ငါးဟင်းမှတ်လို့စားလိုက်မိသည်။

မြွေသားနှင့်ငါးဟင်း မခွဲခြားတတ်တဲ့တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ကရော ခံလိုက်ပေဦးတော့။ သင်ခန်းစာတစ်ခုပေပဲ။ ဒီတစ်ခါ သံဖိုရွာဆေးကုရတာကတော့ တစ်ပူပေါ် နှစ်ပူဆင့်တဲ့အပြင် မြွေပွေးသားကိုငါးဟင်းမှတ်လို့စားခဲ့မိပြီ။ ကျွဲ၊ နွားလည်း ပေါက်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးလည်း ထိုးရဦးမည်။ "အောက်ဘရိတ်"ကူးစက်ရောဂါကျရောက်ခြင်းကို အစီရင်ခံစာရေးကာ အနီးပတ်ဝန်းကျင်ကျေးရွာများကိုကြေညာပေးရဦးမည်။ နောက်တစ်ခါလာစရာမြင်၏။ အလုပ်ကတော့ ရှုပ်ပြန်ပြီ။

"မင်းတို့ ကြိုတင်ကာကွယ်ဆေးမထိုးကြဘူးလား"ဟူသည့် အင်စပက်တော်မင်း၏ အပြစ်တင်သံနှင့်အတူ စိုက်ကြည့်လာသော မျက်လုံးကြီးနှစ်လုံးကိုလည်း မြင်ယောင်သည်။ ဒုက္ခ။

"ဆရာ ပြန်ဖို့လှည်းအဆင်သင့်ဖြစ်ပြီ"မည်သည့်အရပ်က ရောက်လာသည်မသိသော လေပူတစ်ချက်ကိုမှုတ်ထုတ်ကာ ထိုင်ရာမှထလိုက်သည်။

## ဖွဲ့ကြစေချင် ဂန္ထဝင်

- ကာရန်ကို ရှေးရှုပြီး
တွေးစုလို့ ဖွဲ့ပါလျှင်၊
ရင်ထဲက ကိုယ့်စကားဟာ
ကဗျာများပါပင်၊
လောကလုံး ပြုံးစေချင်
ကြည်လင်တဲ့ စိတ်နဲ့တွေး၊
ကိုယ့်ကဗျာ စွမ်းအားက
စမ်းများသို့ အေး။

- နိမိတ်ပုံ ခံစားတွေးတော့
ရေးလိုက်တိုင်း အလင်္ကာ၊
ကိုယ့်ကဗျာ ပန်းတစ်ပွင့်လို
လန်းဝင့်နေမှာ၊
ကာရန်က ပွင့်ဖတ်ပမာ
ရည်ရွယ်ရာက ရနံ့လိုပေါ့၊
စာကဗျာ ဉယျာဉ်ခင်းမှာ
သင်းမွှေးပေတော့။

- ကြိုးစားသူ အတွက်ပေါ့
အခက်တော့ မဟုတ်ပါ၊
ဝါသနာ အရင်းခံနဲ့
ဝန်းရံဖို့သာ၊
ခံစားမှု ကိုယ့်ကဗျာ
ကြင်နာမှု ကိုယ့်အတွေး၊
ကိုယ့်ဘာသာ ပြန်ဖတ်ကြည့်တိုင်း
ပီတိကြောင့်အေး။

- မိုးစက်ရေ တစ်ပေါက်ကလေးတွေကို
မနှောင့်မနှေး စုပါလျှင်၊
ပင်လယ်ပြာ သမုဒ္ဒရာထိ
ပြည့်သည့်နှယ်ပင်၊
ဇွဲစိတ်တော့ ပန်ဆင်
ဂန္ထဝင်သို့ လျှောက်လှမ်း၊
ကာရန်အဖြာဖြာတို့
ရှာကြံကာ အတွေးချဲ့ရင်း
အိုကွယ်
သီဖွဲ့ဆင်မြန်း။ ။

**လွမ်းလေးကို(သရက်)**







# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စု များဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သော ကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည် ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန် အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါး ၁၇၂၆၂ ဧက ရိတ်သိမ်းပြီးစီး



**ဒီပဲယင်း ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါး ၁၇၂၆၂ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါးစိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၇၂၆၂ ဧက ရိတ်သိမ်း ပြီးစီးနေပြီး တစ်ဧကလျှင် ၈၅ ဒသမ ၄၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ဧက ၁၇၂၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ ပါတယ်။ လက်ရှိမှာတော့ ဧက အားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါ တယ်။ နွေစပါးစိုက်တောင်သူတွေ ကို ပိုးမွှားကျရောက်မှုကာကွယ်ဖို့၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာ အောက် အချိန်မီရောက်ရှိစေဖို့ စတဲ့ စိုက်ပျိုးရေးဆိုင်ရာ အသိ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုး ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော် မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊မျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝဓာတ်မြေသြဇာ ပြုလုပ် သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။ (၂၀၆)

# ဖြူးမြို့နယ် လေးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖြူး ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လေးအိမ်စုကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်နေမှုအခြေ အနေများကို ဩဂုတ် ၇ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူ များ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ လေးအိမ်စု ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေး လုပ်ငန်းနှင့် အခြားလုပ်ငန်းဆောင် ရွက်နေမှုအခြေအနေများ၊ စီမံ ကိန်းလက်စွဲစာစောင်ပါ ညွှန်ကြား ချက်များနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိ၊ လအလိုက်ပေးပို့ရသည့်စာရင်း ဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး အရင်း၊ အတိုးငွေများ ကို သတ်မှတ်ရက်အတွင်း ပေးသွင်း စေလိုကြောင်း၊ နဝမအကြိမ်ချေးငွေ များ ပြန်လည်ထုတ်ချေးပေးနိုင် ရေး ချေးငွေအောင်မြင်သူများကို ကန့်ကွက်ရန်ရှိ၊ မရှိ ဆွေးနွေးစေလို ကြောင်း၊ ကန့်ကွက်သူမရှိပါက စီမံ ကိန်းချေးငွေများ အချိန်မီထုတ်ချေး ပေးနိုင်ရေး သတ်မှတ်စည်းမျဉ်း စည်းကမ်းချက်များနှင့်အညီဆောင် ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည်။

ဖြူးမြို့နယ် လေးအိမ်စုကျေးရွာ ၌ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ အခြားလုပ်ငန်းနှင့်အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစု ပေါင်း အသင်းသား၊အသင်းသူ ၇၈ ဦး ကို ရန်ပုံငွေကျပ် ၄၂ သိန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။ **ကိုညို**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# စနေနေ့ညကစားမဲ့ အိုလံပစ်အမျိုးသမီးပိုလ်လုပွဲမှာ ခံစစ်ကစားပုံကောင်းတဲ့ ဘရာဇီး၊ ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ အစဉ်အလာပိုင်းမှာအသာရထားတဲ့ မန်စီးတီးတို့ကို အားပေးရမှာပါ

ML



အခုတစ်ပတ်စနေနေ့ညမှာတော့ နိုင်ငံတကာပွဲစဉ်တွေ နောက်ဆုံးကစားမှာဖြစ်ပြီး အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်မှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်မှာ သေချာပါတယ်။ ဒါ့ပြင် ပရီးမီးယားလိဂ်ချန်ပီယံမန်စီးတီးအသင်းနဲ့ အက်ဖ်အေဖလားချန်ပီယံ မန်ယူအသင်းတို့ ကွန်မြူနတီဒိုင်းပြိုင်ပွဲလဲ ကစားမှာဖြစ်လို့ ပရိသတ်တွေမျှော်လင့်နေတဲ့ ကလပ်အသင်းပွဲစဉ်တွေလဲ စတင်ခဲ့တာဖြစ်ပါတယ်။ လာမဲ့ရက်သတ္တပတ်မှာတော့ ၂၀၂၄-၂၀၂၅ ဥရောပဘောလုံးရာသီစတင်တော့မှာ ဖြစ်တာကြောင့် ထိပ်သီးကလပ်အများစုဟာ ကစားသမားဖြည့်တင်းမှုတွေပြုလုပ်ခဲ့ပြီး ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာ အစဉ်အလာကောင်းပြီး လက်ရှိခြေစွမ်းပိုင်းထက်မြက်နေတဲ့ အသင်းတွေနဲ့ပဲ လက်တွဲရမှာဖြစ်ပါတယ်။

**ဘရာဇီးအသင်းကို ရွေးချယ်ရမှာပါ**

အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာတော့ ဘရာဇီးအသင်းနဲ့အမေရိကန်အသင်းတို့တွေ့ဆုံနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အိုလံပစ်ပြိုင်ပွဲမှာ အစဉ်အလာကောင်းတဲ့အသင်းတွေဖြစ်ပြီး အမေရိကန်အသင်းက ဗိုလ်လုပွဲခုနစ်ကြိမ်တက်ရောက်ခဲ့ရာမှာ ဆုဖလားခြောက်ကြိမ်ရရှိခဲ့သလို ဘရာဇီးအသင်းကတော့ ဗိုလ်လုပွဲ နှစ်ကြိမ်တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ ဘရာဇီးအသင်းဟာ တောင်အမေရိကဇုန်ကနေ အိုလံပစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရခဲ့တာဖြစ်ပြီး အုပ်စုအဆင့်မှာ စပိန်အသင်း၊ ဂျပန်အသင်း၊ နိုင်ဂျီးရီးယားအသင်းတို့နဲ့ တစ်အုပ်စုတည်းကစားခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲမှာ နိုင်ဂျီးရီးယားအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ထိန်းချုပ်ကစားနိုင်ခဲ့ပေမဲ့ တိုက်စစ်ကစားပုံအားနည်းချက်ရှိခဲ့လို့ တစ်ဂိုး၊ ဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ဂျပန်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ဦးဆောင်နိုင်ခဲ့ပြီး ပွဲချိန်ပြည့် ထိန်းချုပ်ကစားခဲ့ပေမဲ့ နာကျင်အချိန်ပိုမှာ ကစားအားကျဆင်းသွားတာကြောင့် သွင်းဂိုးနှစ်ဂိုးထိ ဆက်တိုက်ပေးခဲ့ရလို့ ရှုံးပွဲကြုံခဲ့တာကိုတွေ့ရမှာပါ။ အုပ်စုနောက်ဆုံးပွဲမှာတော့ ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ စပိန်အသင်းနဲ့ကစားခဲ့ရတာကြောင့် နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အုပ်စုတွင်းပြိုင်ဘက် နိုင်ဂျီးရီးယားအသင်းက ဂျပန်အသင်းကို သုံးဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် ဘရာဇီးအသင်းအနေနဲ့ အကောင်းဆုံးတတိယနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်ခွင့်ရခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်မှာတော့ အဘက်ဘက်ကသာလွန်နေတဲ့ အိမ်ရှင်ပြင်သစ်အသင်းနဲ့တွေ့ဆုံနေတာကြောင့် ပြိုင်ပွဲကလှည့်ပြန်ရမယ်လို့ ထင်ခဲ့ပေမဲ့ နည်းပြအယ်လီယာရဲ့လူစားလဲမှန်ကန်မှုက အလုပ်ဖြစ်ခဲ့ပြီး ပြင်သစ်အသင်းကို အပြန်အလှန်ဖိအားပေးမှုတွေလုပ်နိုင်ခဲ့လို့ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာတော့ သူတို့အသင်းဟာအုပ်စုတွင်းပြိုင်ဘက် စပိန်အသင်းနဲ့ထပ်မံတွေ့ဆုံခဲ့တာဖြစ်ပြီး အုပ်စုတွင်းတွေ့ဆုံမှုမှာ နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့ပေမဲ့ အခုပြိုင်ပွဲမှာတော့ လေးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဘရာဇီးအသင်းဟာ ကစားကွက်နဲ့ကစားပုံပြောင်းလဲခဲ့သလို ခံစစ်ကစားပုံနဲ့ တန်ပြန်တိုက်စစ်ကောင်းခဲ့တာကြောင့် ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ စပိန်အသင်း ရှုံးပွဲကြုံခဲ့တာကို သတိပြုရမှာပါ။ ဘရာဇီးအသင်းဟာ တစ်ပွဲနဲ့တစ်ပွဲ ကစားအားနဲ့ စုဖွဲ့မှုကောင်းလာသလို စပိန်လို ခြေစွမ်းထက်တဲ့အသင်းကို ဂိုးပြတ်အနိုင်ယူခဲ့တဲ့ နည်းစနစ်ပိုင်းကလဲ အားရစရာကောင်းနေပါတယ်။

အမေရိကန်အသင်းဟာ အိုလံပစ်ပြိုင်ပွဲမှာ အခုတစ်ကြိမ်အပါအဝင် ဗိုလ်လုပွဲခြောက်ကြိမ်တက်ရောက်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဗိုလ်လုပွဲငါးကြိမ်မှာ လေးကြိမ် ဆုဖလားရယူနိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ဆုဖလားရဖို့ရေပန်းစားနေတာကိုတွေ့ရမှာပါ။ ထူးခြားချက်က အမေရိကန်ဟာ ၂၀၀၄ အေသင်အိုလံပစ်နဲ့ ၂၀၀၈ ပေကျင်း အိုလံပစ်ဗိုလ်လုပွဲတွေမှာ ဘရာဇီးနဲ့ပဲတွေ့ဆုံခဲ့ပြီး နှစ်ကြိမ်စလုံးရွှေတံဆိပ်ဆုရခဲ့တာကို သတိပြုရမှာပါ။ နည်းပြဟေးရက်စ်လက်အောက်မှာတော့ မျိုးဆက်သစ်ကစားသမားအများစုနဲ့ခြေစွမ်းပြနေပြီး နောက်ဆုံး ၁၄ ပွဲဆက်ထိ ရှုံးပွဲမရှိသေးတဲ့အသင်းဖြစ်ပါတယ်။ အခုပြိုင်ပွဲ အုပ်စုပွဲစဉ်မှာ သူတို့အသင်းဟာ ဇမ်ဘီယာ၊ ဂျာမနီ၊ ဩစတြေးလျတို့နဲ့ ကစားခဲ့ရပြီး သုံးပွဲစလုံးအနိုင်ရခဲ့တာကြောင့် ဗိုလ်စွဲဖို့ရေပန်းစားလာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကွာတားဖိုင်နယ်မှာတော့ ဂျပန်အသင်းနဲ့တွေ့ဆုံခဲ့တာကြောင့် အနိုင်ရဖို့ခက်ခဲခဲ့ပြီး အချိန်ပိုရောက်မှပဲ တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် ရောက်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာတော့ အုပ်စုတွင်းပြိုင်ဘက် ဂျာမနီနဲ့တွေ့ခဲ့တာကြောင့် ကစားကွက်ပိုင်းအသာနဲ့ ကစားနိုင်ခဲ့ပေမဲ့ အချိန်ပိုထိရောက်ခဲ့ပြီး အချိန်ပိုသွင်းဂိုးနဲ့ နိုင်ပွဲရခဲ့လို့ ဗိုလ်လုပွဲရောက်ခဲ့တာကို တွေ့ရမှာပါ။

အခုပြိုင်ပွဲမှာ အမေရိကန်အသင်းဟာ အုပ်စုတွင်းတိုက်စစ်ကစားပုံကောင်းခဲ့ပေမဲ့ ရှုံးထွက်အဆင့်တွေမှာတော့ ကျဉ်းမြောင်းတဲ့ရလဒ်နဲ့အနိုင်ရခဲ့တာကိုကြည့်ရင် နည်းပြဟေးရက်စ်ရဲ့နည်းစနစ်ပိုင်းမှာ ခံစစ်အားပြုလွန်းနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲမှာ ဘရာဇီးလို ခံစစ်ကစားပုံကောင်းတဲ့အသင်းကို ခံစစ်အားပြုကစားရင်တော့ ဂိုးရဖို့ခက်သွားနိုင်ပြီး အချိန်ပိုထိ ရောက်သွားနိုင်ပါတယ်။ လက်ရှိ ဘရာဇီးအသင်းဟာ တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာခဲ့သလို ဗိုလ်လုပွဲမှာ တိုက်စစ်မှူးမာတာလဲပါဝင်လာမှာဖြစ်ပြီး အကျောပေးမှုကလဲ သရေရလဒ်ဆို အမေရိကန်အသင်း အပြည့်အဝရှုံးမဲ့အခြေအနေဖြစ်တာကြောင့် ဘရာဇီးအသင်းကို ရွေးချယ်ရမှာပါ။

**ဘရာဇီးအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နိုင်ဂျီးရီးယား | ၀ | - | ၁ | ဘရာဇီး |
| ဘရာဇီး | ၁ | - | ၂ | ဂျပန် |
| ဘရာဇီး | ၀ | - | ၂ | စပိန် |
| ပြင်သစ် | ၀ | - | ၁ | ဘရာဇီး |
| ဘရာဇီး | ၄ | - | ၂ | စပိန် |

**အမေရိကန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၃ | - | ၀ | ဇမ်ဘီယာ |
| အမေရိကန် | ၄ | - | ၁ | ဂျာမနီ |
| ဩစတြေးလျ | ၁ | - | ၂ | အမေရိကန် |
| အမေရိကန် | ၁ | - | ၀ | ဂျပန် |
| အမေရိကန် | ၁ | - | ၀ | ဂျာမနီ |

**မန်စီးတီးအသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ကွန်မြူနတီဒိုင်းပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကွန်မြူနတီဒိုင်းပြိုင်ပွဲဟာ ပရီးမီးယားလိဂ်ရာသီမစတင်မီ အဖွင့်ပွဲစဉ်အဖြစ်ကစားတဲ့ ရန်ပုံငွေပွဲလဲဖြစ်ပါတယ်။ အရင်ကတော့ ဒီပြိုင်ပွဲကို အလေးမထားခဲ့ကြပေမဲ့ နောက်ပိုင်းမှာတော့ အသင်းတိုင်းက အလေးထားယှဉ်ပြိုင်လာတာကြောင့် အားပေးမှုများလာတာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ အောင်မြင်မှုအများဆုံးအသင်းကတော့ မန်ယူအသင်းဖြစ်ပြီး အကြိမ် ၃၀ ယှဉ်ပြိုင်ရာမှာ ဆုဖလား ၂၁ ကြိမ်ထိ ရခဲ့တာဖြစ်ပါတယ်။

ပရီးမီးယားလိဂ်ချန်ပီယံမန်စီးတီးအသင်းဟာ အခုအပြောင်းအရွှေ့မှာ အဓိကကစားသမားခေါ်ယူမှုမလုပ်သေးသလို အသင်းက ကစားသမားတွေကိုလဲ ဆက်လက်ထိန်းသိမ်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအကြိုခြေစမ်းပွဲမှာ ဘက်တစ်အသင်းကို လေးဂိုးသုံးဂိုး၊ အေစီမီလန်အသင်းကို သုံးဂိုးနှစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့ပေမဲ့ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ဂိုးမြူးခဲ့ပြီး ဟာလန်းလဲ ဂိုးပေါက်ရှာတွေခဲ့တာဖြစ်ပါတယ်။ ဇူလိုင် ၃၁ ရက်က ကစားခဲ့တဲ့ ဘာစီလိုနာနဲ့ခြေစမ်းပွဲမှာတော့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သလို ဩဂုတ် ၄ ရက်က ကစားခဲ့တဲ့ပွဲမှာ ချဲလ်ဆီးကို လေးဂိုးနှစ်ဂိုးနဲ့အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ မန်စီးတီးရဲ့ ရာသီအကြိုပြင်ဆင်မှုဟာ တိုက်စစ်ကစားပုံအပြစ်ပြောစရာမရှိပေမဲ့ ခံစစ်ပိုင်းကတော့ လိုအပ်ချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဂွါဒီယိုလာဟာ ခံစစ်ပိုင်းမှာ ကယ်ဗင်ဖီးလစ်၊ ကာဘိုရီတို့လို ကစားသမားတွေကိုအသုံးပြုခဲ့ပြီး အဓိကခံစစ်ကစားသမားအနည်းငယ်သာ အသုံးပြုခဲ့တာဖြစ်ပါတယ်။ ခံစစ်ပိုင်းက ဂွါနစတုန်း၊ ဝေါ်လ်ကာ၊ အာကန်ဂျီ၊ အကီတို့ဟာ ယူရိုပြိုင်ပွဲကစားခဲ့ရတာကြောင့် အနားပေးထားတာကို တွေ့ရမှာပါ။ နည်းပြဂွါဒီယိုလာကလဲ ခြေစမ်းပွဲတွေမှာ အသင်းရဲ့တိုက်စစ်ကိုပဲ အားထားပြုပြင်ခဲ့ပြီး တိုက်စစ်ပိုင်းက တစ်ပွဲကိုအနည်းဆုံး နှစ်ဂိုးရခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းမှာ ကွင်းလယ်က ဒီဘရိုင်းနဲ့ တိုက်စစ်က အယ်ဗာရက်ဇ်တို့ ထွက်ခွာဖို့ရှိနေပေမဲ့ အယ်ဗာရက်ဇ်နေရာမှာ ဆာဗီအိုနဲ့အစားထိုးဖို့ပြင်ဆင်ခဲ့သလို ဒီဘရိုင်းနေရာမှာတော့ ထိပ်တန်းအဆင့်ကစားသမားတစ်ဦးနဲ့ အစားထိုးဖို့ကြိုးပမ်းနေတာကို သတိပြုရမှာပါ။ လာမဲ့ပွဲစဉ်မှာတော့ အဲဒီကစားသမားနှစ်ယောက်ကလွဲရင် ကျန်ကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ မန်ယူအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တာကြောင့် အပြောင်းအရွှေ့ဖွင့်တာနဲ့ ကစားသမားခေါ်ယူမှုလုပ်ခဲ့တာဖြစ်ပါတယ်။ နည်းပြ တန်ဟတ်ဟာ ပြီးခဲ့တဲ့ရာသီမှာဒဏ်ရာရကစားသမားများခဲ့လို့ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့လွဲခဲ့တာကြောင့် လက်ရှိမှာ အရန်ကစားသမားတောင့်တင်းဖို့ လိုင်လီက ယိုရို၊ ဘိုလော့နာက ဇက်ခ်ဇီးတို့ကိုခေါ်ယူခဲ့တာတွေ့ရမှာပါ။ ဒါပေမဲ့ ခံစစ်ကစားသမား ယိုရိုနဲ့ တိုက်စစ်မှူး ဟိုက်လန်းတို့ အာဆင်နယ်နဲ့ခြေစမ်းပွဲမှာဒဏ်ရာရခဲ့ပြီး ယိုရိုက သုံးလ၊ ဟိုက်လန်းက သုံးပတ်လောက် အနားယူရမှာဖြစ်လို့ အခုပွဲစဉ်မှာ ပါဝင်နိုင်မှာမဟုတ်ပါဘူး။ မန်ယူအသင်းဟာ ရာသီအကြိုခြေစမ်းပွဲမှာ ရိုဇင်ဘော့၊ အာဆင်နယ်၊ လီဗာပူးတို့ကိုရှုံးခဲ့ပြီး ရိန်းဂျားနဲ့ ဘက်တစ်အသင်းတို့ကိုပဲ အနိုင်ရခဲ့တာတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေက ကစားပုံကိုကြည့်ရင် မန်ယူအသင်းဟာ ခံစစ်ရော တိုက်စစ်မှာပါ လိုအပ်ချက်တွေများနေသေးတာကိုတွေ့ရမှာပါ။ နည်းပြတန်ဟတ်ကတော့ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချပြီးပွဲထွက်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းကို ပံ့ပိုးပေးမဲ့ ကစားသမားမရှိသလို တိုက်စစ်မှူးတွေကလဲ အဆုံးသတ်ပိုင်းအားနည်းနေတာကြောင့် မန်စီးတီးနဲ့ယှဉ်ရင် လိုအပ်ချက်ရှိနေဆဲဖြစ်ပါတယ်။ အခုပွဲမှာ မန်ယူက အီဗန်၊ ယိုရို၊ ဟိုက်လန်း၊ မာလာစီယာ၊ လင်ဒီလော့တို့ ပါဝင်နိုင်မှာမဟုတ်လို့ ခံစစ်ပိုင်းကျဆင်းသွားမှာသေချာပါတယ်။ ဒါ့ပြင် မန်စီးတီးအနေနဲ့ကွင်းလယ်မှာလူငယ်တွေနဲ့ ပွဲထွက်လာမယ်ဆိုရင်တောင် တိုက်စစ်မှာ ဟာလန်းကိုထည့်သွင်းအသုံးပြုမှာဖြစ်လို့ မန်ယူခံစစ်ပိုင်းကို အခက်တွေ့စေမှာပါ။

သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ မန်စီးတီးအသင်းက အသာရထားသလို မန်ယူအသင်းအနေနဲ့ မန်စီးတီးနဲ့ ၂၃ ပွဲတွေ့ခဲ့ရာမှာ ရှစ်ပွဲပဲအနိုင်ရခဲ့တာကြောင့် အခုပွဲမှာ ဒဏ်ရာရကစားသမားများနေတဲ့ မန်ယူအသင်း ပေးဂိုးမများဖို့ကြိုးစားရင်း မန်စီးတီးအသင်းရဲ့သွင်းဂိုးတွေကိုပဲရေတွက်ရမှာဖြစ်လို့ မန်စီးတီးအသင်းကို အားပေးရမှာပါ။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၁ | - | ၂ | မန်ယူ |
| မန်စီးတီး | ၃ | - | ၄ | ဆဲလ်တစ် |
| မန်စီးတီး | ၂ | - | ၃ | အေစီမီလန် |
| မန်စီးတီး | ၂ | - | ၂ | ဘာစီလိုနာ |
| မန်စီးတီး | ၄ | - | ၂ | ချဲလ်ဆီး |

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုစင်ဘော့ | ၁ | - | ၀ | မန်ယူ |
| ရိန်းဂျား | ၀ | - | ၂ | မန်ယူ |
| အာဆင်နယ် | ၂ | - | ၁ | မန်ယူ |
| မန်ယူ | ၃ | - | ၂ | ဘက်တစ် |
| မန်ယူ | ၀ | - | ၃ | လီဗာပူး |

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅–၈–၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်–၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UIDလုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာလူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၁၆၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေဖို့၊ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်စေဖို့ ရည်ရွယ်ပြီး မိုးမြေပဲ ၁၆၆၁ ဧက လျာထား စိုက်ပျိုးဆောင်ရွက်ခဲ့ရာမှာ ဒီနေ့ထိ ၃၃၅၉ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်လို့ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးနည်းပညာတွေနဲ့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံတောင်သူများက တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ရာသီအလိုက် သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများက လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးခြင်းအပြင် အထွက်နှုန်းကောင်းမွန်ရေး မျိုးကောင်းမျိုးသန့်များရရှိအောင် ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ လုံလောက်စွာ ရရှိရေးနှင့် အကျိုးရှိရှိအသုံးချနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**သံဖြူဇရပ် ဩဂုတ် ၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြမာလာကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၇ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အတိုးအရင်းငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြမာလာကျေးရွာရှိ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက မြမာလာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင် သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၈-၈-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၄၆၀။ | ဦးဟန်ဇော်ထွန်းနှင့်ဇနီး ဒေါ်ယုယုဝင်း မိသားစု ကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၄၆၁။ | ဦးကိုကိုနိုင်နှင့် ဦးထက်အာကာမိသားစုများကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၄၆၂။ | ဒေါ်စိန်လှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၄၆၃။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘများနှင့် ဇနီးဒေါက်တာဒေါ်ညိုညို၊ မောင်ရဲထွဋ်တို့အားရည်စူး၍ ဦးသိန်းဟန်၊ (သား)ဗိုလ်မှူးချုပ်ဇော်မျိုးဟန်နှင့်ဇနီး ဒေါက်တာခိုင်မာအောင်၊ (သား)ဦးရဲမျိုးဟန်နှင့် ဒေါက်တာအေးမြသက်၊ မြေးများကောင်းမှု | ၅၀၀၀၀၀ |
| ၉၄၆၄။ | ကွယ်လွန်သူ ဦးဘိုးဆိုင်နှင့် ဒေါ်သင်း၊ ဆရာဦးတင်နှင့် ဒေါ်ရွှေမြင့်တို့အားရည်စူး၍ ဦးမြသန်းနှင့်ဇနီး ဒေါ်မြသင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၆၅။ | ဦးမျိုးသန့်နှင့်ဇနီး ဒေါ်အေးအေး၊ (သား)မောင်နေထွန်းလင်း နှင့်ဇနီး မအိအိမိုး၊ (မြေး)မလေပြေသွေး(ခ)မသဲသဲတုန် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၆၆။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်သန္တာစိုးမိသားစုကောင်းမှု | ၂၇၀၀၀၀ |
| ၉၄၆၇။ | ကွယ်လွန်သူ ဒေါ်ခင်တင့်အားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၂၀၀၀၀၀ |
| ၉၄၆၈။ | ကွယ်လွန်သူ ရဲမှူးကြီးမိုက်ကယ်လှမြင့်(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်တင်တင်မြင့်၊ (သမီး)ဒေါ်ခက်ခက်ခိုင်၊ ဒေါ်နှင်းနုနုနိုင်၊ (သား)ဦးမြင့်မိုင်မိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၆၉။ | ကွယ်လွန်သူ ဦးသိန်းစိုးလေးနှင့် ဦးမောင်တို့အား ရည်စူး၍ ဦးနေမိုးမြင့်နှင့်ဇနီး ဒေါ်စိုးစန္ဒာခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၀။ | ဦးနေရှိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၁။ | ဦးဖေသန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၂။ | ဦးကိုကိုနှင့်ဇနီး ဒေါ်ယမင်းခိုင်၊ (သမီး)မချမ်းမြေ့ကိုကို၊ (သား)မောင်ဖွဲ့ထက်ကိုကို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၃။ | ဗိုလ်မှူးကြီးဆက်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ထွေးထွေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးဆန်းဦးလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်ချိုချိုငယ် (သား)မောင်အောင်သီဟကျော်၊ ဗိုလ်လောင်းဝဏ္ဏထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၅။ | ဗိုလ်ကြီးဝင်းကိုကို(ငြိမ်း)နှင့်ဇနီး ဒေါ်အိအိစိုး၊ (သား)ဗိုလ်ကြီးနိုင်ဝင်းသူ၊ မောင်လှိုင်ဝင်းသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၆။ | ဦးမျိုးမင်းနှင့်ဇနီး ဒေါ်သဉ္ဇာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၇။ | ကိုအောင်ကျော်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၈။ | ဦးအေးသိန်းမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၄၇၉။ | ဦးသုခရှိန်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၄၈၀။ | မိဘများအားအမှူးထား၍ ဒေါ်မေသူနှင့် သမီးများ ကောင်းမှု | ၇၀၀၀၀ |
| ၉၅၈၁။ | ဦးအောင်ကျော်မြနှင့်ဇနီး ဒေါ်နွယ်နွယ်အေးမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၂။ | ဦးကောင်းမြတ်ကျော်နှင့်ဇနီး ဒေါ်ဆွေဇင်ဦးမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၃။ | ကွယ်လွန်သူအဘွားဖြစ်သူအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၄။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဝန်ထမ်းများ ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၅။ | ဦးတင်ဆန်းနှင့်ဇနီး ဒေါ်ခင်စောလှ၊ (ညီမ)ဒေါ်တင်မေနွဲ့ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၆။ | မောင်ဟိန်းသုတဝင်း မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၇။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ ဒေါ်မြတ်မွန် ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၈။ | ကွယ်လွန်သူဦးဘောဖီးအား ရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၉။ | ကွယ်လွန်သူ ဗိုလ်မှူးကြီးတင့်လွင်(ငြိမ်း)အား ရည်စူး၍ မိခင်ကြီး ဒေါ်အေးအေးသန်းနှင့် သား/သမီး/မြေးတစ်စု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၀။ | ရှမ်းပြည်နယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၁။ | ဦးချစ်ကိုကိုအောင်နှင့်ဇနီး မကေသွယ်ခိုင်၊ (သမီး)မခေတ်ပီတိချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၂။ | ဦးမျိုးဆွေနှင့်ဇနီး ဒေါ်မူမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၃။ | ဦးနေမျိုးသူနှင့်ဇနီး ဒေါ်နွယ်နွယ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၄။ | ဦးတော်မိနှင့်ဇနီး ဒေါ်အိ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၅။ | ဦးဝင်းဦးနှင့်ဇနီး ဒေါ်ဝေဝေစိုး၊ (သား)မောင်ထူးထက်အောင်၊ (သမီး)မဆောင်းရွှေရည်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၆။ | ဒေါက်တာကျော်သူရနှင့်ဇနီး ဒေါ်မြမြသွေး၊ (သမီး)မမြတ်အိန္ဒြေကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၇။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်မေရှမ်း၊ (သမီး)မသီရိသူ၊ မချမ်းမြေ့သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၈။ | နှစ်ဖက်သောမိဘများအားရည်စူး/အမှူးထား၍ ဦးအောင်မင်းထက်နှင့်ဇနီး ဒေါ်စောသွယ်မွေး၊ (သား)မောင်ဘုန်းမင်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၉။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်ကြူကြူဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၀။ | ဒေါ်မာလာစိုးဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၁။ | ဦးမင်းအောင်နှင့်ဇနီး ဒေါ်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၂။ | ကွယ်လွန်သူ ဦးခင်မောင်သွင်အားရည်စူး၍ ဒေါ်ခင်စန်းဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၃။ | ဦးအောင်စိုးဦးနှင့်ဇနီး ဒေါ်နေခြည်လွင်၊ (သား)မောင်ကောင်းဆက်လူ၊ မောင်ရဲရင့်ဘုဏ်းပြည့် မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၄။ | ဦးအောင်တင်နှင့်ဇနီး ဒေါ်ခင်နှင်း မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)
(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - | ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

# သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီးပါသည်။

၂



တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။

၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထားရှိမည်ဖြစ်ပါသည်၊

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက်...

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm







## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)နေ ဦးမောင်အေး (ဘ) ဦးအိုက်ဆန် (၉/ပဥလ(နိုင်)၀၄၂၄၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-139195) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာခေါ်ယူခြင်း

**Tender No. GRGI/P&T/009/23-24**

၁။ GRGI Company Limited မှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်စက်မှုဇုန်ရှိ အကွက်အမှတ် F-8(ခ-၂)၊ (ဇ)ရပ်ကွက်နှင့် အမရပူရမြို့နယ် အကွက်အမှတ် (၃၉/၂) မယ်တော်စုကျေးရွာအနီးတို့တွင် (၆)လက်မ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း (Pump and Piping, Electrical Installation လုပ်ငန်းများအပါအဝင် ဖြစ်ပါသည်။) လုပ်ငန်းအတွက် ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို ခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၉-၄၀၂၆၇၈၆၈၅ နှင့် ၀၉-၄၂၀၀၁၂၂၇၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ အထက်ပါတို့အတွက် ချိပ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို Detail Specification များနှင့်တကွ Chief Finance Officer၊ အမှတ် (၃၃)၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်သော်လည်းကောင်း (၂၆-၈-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ရွာထောင်**ရပ်ကွက်၊ ကွင်းအမှတ် (**၈၀၉**)၊ ကွင်းအမည် **အိုးဘို**ကွင်း၊ ဦးပိုင်အမှတ်(**၄၆**)၊ ဧရိယာ(**၀.၀၂၈**) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - မြေကွက်အမှတ်-၃၄၀/၄၈၃
(ခ) အနောက်လားသော်- ကားလမ်း
(ဂ) တောင်လားသော် - ကားလမ်း
(ဃ) မြောက်လားသော် - မြေကွက်အမှတ်-၃၄၀/၄၈၁

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးမင်းဆွေသန့်-ဒေါ်အေးအေးမွန်** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်းနှင့် ပေးထားသောအိမ်ယာမြေကွက်အား ပြန်လည်ရုပ်သိမ်းခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ တောင်ရပ်ကွက်နေ ဦးထွန်းရွှေ (၉/တတဉ(နိုင်)၀၀၂၇၂၆)-ဒေါ်ရီသန့် (၉/တတဉ(နိုင်)၀၀၂၇၀၉)တို့၏သားဖြစ်သော **ဦးသန့်ဇင်ထွန်း(၉/တတဉ(နိုင်)၀၀၀၀၆၅)**သည် မိဘနှစ်ပါး စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေသောကြောင့် ၎င်းအားပေးထားသော အိမ်ယာမြေကွက်အား ပြန်လည်ရုပ်သိမ်းပြီး အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်သည်။

**ဦးထွန်းရွှေ (၉/တတဉ(နိုင်)၀၀၂၇၂၆)**
**ဒေါ်ရီသန့် (၉/တတဉ(နိုင်)၀၀၂၇၀၉)**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အ.ထ.က (ပင်းတလဲ)၊ Grade-10 တွင် ပညာသင်ကြားနေသော မကြိုင်ကြိုင်ချမ်း ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝသုန်-ဒေါ်တင်ဇူလှိုင် ဖြစ်ပါကြောင်း။

**ဦးဝသုန်(၉/ဝတန(နိုင်)၁၇၇၇၄၅)၊**
**ဒေါ်တင်ဇူလှိုင်(၉/ဝတန(နိုင်)၁၆၄၈၆၉)**


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



# ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် ဩဂုတ် ၈**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ် စာမျက်နှာ - ၁၇

